မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

အတွဲ (၅၂) အမှတ် (၁၀၃)

၁၃၇၄ ခုနှစ်၊ နတ်တော်လကွယ်နေ့ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက်၊ သောကြာနေ့။

ထူးခြားသည့် ညအပူချိန်များ
၁၀-၁-၂၀၁၃

လွိုင်လင်မြို့	၀ ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၂ ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	၂ ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၂ ဒီဂရီစင်တီဂရိတ်

၁၁-၁-၂၀၁၃ သာယာမည်

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

၂၀၁၂ ခုနှစ်အတွင်း လုပ်ဆောင်ခဲ့သည့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များသည် မြန်မာ့နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုတွင် အထူးထင်ရှားအရေးပါသော ဖြစ်စဉ်များဖြစ်

နေပြည်တော် ဇန်နဝါရီ ၁၀

ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော ၂၀၁၃ ခုနှစ် နှစ်သစ်ကူး သဝဏ်လွှာကို ဖတ်ကြားတင်ပြခဲ့သည်။

ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ခဲ့သည့် နိုင်ငံတော်သမ္မတ နှစ်သစ်ကူးသဝဏ်လွှာမှာ အောက်ပါအတိုင်းဖြစ်သည်-

နိုင်ငံတော်သမ္မတ၏ နှစ်သစ်ကူးသဝဏ်လွှာ
(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်)

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအမှူးပြုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား-

နှစ်သစ်အခါသမယမှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါသည်။

ယခုလို ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးစတင်ချိန်တွင် မိမိအနေဖြင့် အထူးအလေးထားဖော်ပြလိုသည့် နိုင်ငံရေးဖြစ်ထွန်းမှုမှာ လွန်ခဲ့သည့် တစ်နှစ်ကျော်ကာလအတွင်း ပြောင်းလဲလာသည့် မြန်မာ့နိုင်ငံရေး ယဉ်ကျေးမှုအသစ်ဖြစ်ပါသည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင် အတန်ကြာပျောက်ဆုံးနေခဲ့သော ဆွေးနွေးညှိနှိုင်းရေးနည်းလမ်းဖြင့် အဖြေရှာခြင်းဆိုသည့် နိုင်ငံရေးယဉ်ကျေးမှု ပြန်လည်အသက်ဝင်လာခြင်းဖြစ်ပါသည်။ ပွင့်လင်းသည့် လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ရန်အတွက် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ၊ ဒီမိုကရေစီရှင်သန်ရေးလုပ်ငန်းစဉ်များကို ဆောင်ကြဉ်းရာ၌ ကြုံတွေ့ရလေ့ရှိသည့် အများပြည်သူလူထု၏ လိုအင်ဆန္ဒထုတ်ဖော်ခြင်းများ၊ ကန့်ကွက်ဆန္ဒပြခြင်းများကို မိမိတို့လူ့အဖွဲ့အစည်းအနေဖြင့် ရင်ဆိုင်ကြုံတွေ့နေရသည့် အချိန်အခါ ဖြစ်ပါသည်။

ဤနေရာတွင် မိမိအနေဖြင့် အထူးအလေးပေးဖော်ပြလိုသည့် အချက်မှာ ထိုကဲ့သို့ ပြည်သူလူထု၏ လိုအင်ဆန္ဒထုတ်ဖော်ခြင်း၊ ကန့်ကွက်ဆန္ဒပြခြင်းဖြစ်စဉ်များတွင် ထိပ်တိုက်ရင်ဆိုင်ရေး နည်းလမ်းများ အသုံးပြုရန် ကြိုးပမ်းမှုများကို နိုင်ငံရေးအင်အားစုများအားလုံး ပူးပေါင်းအဖြေရှာခြင်းဟူသည့်အချက် ဖြစ်ပါသည်။ ဤစုစည်းအဖြေရှာမှုသည်ပင်လျှင် မိမိတို့ လူ့အဖွဲ့အစည်း၏ နိုင်ငံရေးယဉ်ကျေးမှု စာမျက်နှာသစ်ဟု ဆိုရမည်ဖြစ်ပါသည်။ **“ မတူညီသော အယူအဆများ စုစည်းရှင်သန်နိုင်သော ဗဟုဝါဒ ”** ကို ဆွေးနွေးညှိနှိုင်းအဖြေရှာသည့် နည်းလမ်းသည်သာ မိမိတို့

စာမျက်နှာ ၃ ကော်လံ ၁ ◆

ဒုတိယသမ္မတ ဦးညဏ်ထွန်း ပြိုင်ပွဲဝင်အသင်းများအား ပြိုင်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်များ ပေးအပ်စဉ်။ (သတင်းစဉ်)

အရှေ့တောင်အာရှ တံခွန်စိုက်မြင်းပစ်ပြိုင်ပွဲ ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အားပေး

နေပြည်တော် ဇန်နဝါရီ ၁၀

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ပဉ္စမအကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်မြင်းပစ်ပြိုင်ပွဲနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အကြိုဆန်းစစ်မြင်းပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ နေပြည်တော်မြင်းပစ်အားကစားကွင်း၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အားပေးသည်။

အဆိုပါအခမ်းအနားသို့ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အတူ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကမ္ဘာ့မြင်းပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အရှေ့တောင်အာရှမြင်းပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr.Sanguan Kosavinta၊ အရှေ့တောင်အာရှမြင်းပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူး Major Baharuddin Jamil၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် အရှေ့တောင်အာရှမြင်းပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အထူးဖိတ်ကြားထားသူများ၊ သတင်းမီဒီယာအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားကို စတင်ကျင်းပရာ ဘင်ခရာအဖွဲ့နှင့် သရုပ်ပြအဖွဲ့များက ကွင်းအတွင်းဝင်ရောက်နေရာယူကြပြီး ပြိုင်ပွဲဝင်အသင်းများဖြစ်ကြသည့် အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နှင့် မြန်မာအသင်းတို့ကလည်း အစဉ်လိုက် ကွင်းအတွင်း ဆက်လက်နေရာယူကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ▲

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ပြည်သူ့ဝန်ထမ်းကောင်းများ ဖြစ်ရေးကျင့်ကြံ

နိုင်ငံတော်အစိုးရသစ်သည် ပြည်သူများ မျှော်လင့်နေကြသည့် ကောင်းမွန်သော အုပ်ချုပ်ရေး၊ သန့်ရှင်းသော အစိုးရနှင့် ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားရေး၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများ ရရှိခံစားကြစေရေး၊ တရားဥပဒေစိုးမိုးရေး၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုတို့ ဖြစ်ပေါ်လာရေး၊ ဆင်းရဲချမ်းသာကွာဟမှုလျှော့ချရေး၊ သဟဇာတဖြစ်သော လူ့အဖွဲ့အစည်းဖြစ်ပေါ်ရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်လျက်ရှိသည်။

"ပြည်သူ့အစိုးရဖြစ်နေပြီဖြစ်တဲ့အတွက် ပြည်သူလူထုအကျိုးစီးပွားကို ဦးထိပ်ထားရပါမယ်။ ပြည်သူလူထု စိတ်ကျေနပ်မှု၊ ပြည်သူလူထု စိတ်ချမ်းသာမှုကို ထမ်းဆောင်ကြတဲ့ ပြည်သူလူထုတစ်ရပ်လုံးရဲ့ ယုံကြည်ကိုးစားအားထားမှုကို ခံယူထိုက်တဲ့ ပြည်သူ့ဝန်ထမ်းကောင်းများ ဖြစ်လာအောင် ပညာပေးခြင်း၊ သတိပေးခြင်း၊ အရေးယူခြင်းများဆောင်ရွက်နေပြီဖြစ်ပါတယ်။ ခေတ်ပြောင်းနေပြီဖြစ်တဲ့အတွက် စနစ် ကိုပါ ပြောင်းလဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေကြရာမှာ လုပ်နည်းလုပ်ဟန်တွေ၊ ကြိုးနီစနစ်တွေ ဆက်လက်ဆွဲကိုင်ထားသူတွေ၊ တာဝန်သိမှု၊ တာဝန်ယူမှုကင်းမဲ့ပြီး အဂတိလိုက်စားမှုများကိုလည်း ထိရောက်စွာ အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု နိုင်ငံတော်သမ္မတက ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးမိန့်ခွန်း၌ ထည့်သွင်းပြောကြားခဲ့ပါသည်။

ယခုအခါ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်နှင့် သန့်ရှင်းသောအစိုးရဖြစ်ပေါ်ရေးအတွက် အစိုးရအဖွဲ့အစည်းများအတွင်း အဂတိတရားများကင်းရှင်းရေးနှင့် လာဘ်ပေးလာဘ်ယူမှုများ ပပျောက်ရေးအတွက် "လာဘ်ပေးလာဘ်ယူမှု အရေးယူဆောင်ရွက်ရေးကော်မတီ"ကို အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၃ ဖြင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့က ဖွဲ့စည်းခဲ့ပါသည်။

နိုင်ငံ့ဝန်ထမ်းများသည် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်တိုးတက်ရန်အတွက် လာဘ်ပေးလာဘ်ယူမှု ကင်းရှင်းပြီး စည်းမျဉ်း၊ စည်းကမ်း၊ တရားဥပဒေများကို လေးစားလိုက်နာကြရမည်ဖြစ်သည်။ သို့မှသာ ဒီမိုကရေစီစနစ် ရှင်သန်တိုးတက်မည်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများသည် အမျိုးသားရေးစိတ်ဓာတ်ဖြင့် နိုင်ငံနှင့်လူမျိုးဂုဏ်သိက္ခာကို မြှင့်တင်ကြရမည်ဖြစ်သည်။ အဂတိတရားလေးပါးတို့ကို ရှောင်ရှားကာ လာဘ်ပေးလာဘ်ယူမှုကင်းရှင်းပြီး ပြည်သူလူထုတစ်ရပ်လုံးက ယုံကြည်ကိုးစားအားထားရမှုကို ခံယူထိုက်သော ပြည်သူ့ဝန်ထမ်းကောင်းဖြစ်ရန် ကျင့်ကြံနေထိုင်သွားကြရမည်ဖြစ်ပါကြောင်း။ ။

၂၀၁၄ ခုနှစ်လူဦးရေနှင့်အိမ်အကြောင်း သန်းခေါင်စာရင်းသိကောင်းစရာ

သန်းခေါင်စာရင်းကောက်ယူသည့် ရည်ရွယ်ချက်

- နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး စီမံခန့်ခွဲရေးကိစ္စရပ်များအတွက် မူဝါဒများ ချမှတ်ခြင်း၊ စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံထားရမည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို ရရှိရန် ဖြစ်ပါသည်။

ပြည်တွင်းသတင်း

နိုင်ငံတော်၏အဓိကဆီထွက်သီးနှံ မြေပဲကို မျိုးကောင်းမျိုးသန့်မျိုးပွားထုတ်လုပ်

နေပြည်တော် ဇန်နဝါရီ ၁၀

ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီက နေပြည်တော် MICC ခန်းမ၌ ကျင်းပသည့် ဟော်လန်နိုင်ငံ Tencate Geo-synthetic Asia SDN BHD ကုမ္ပဏီနှင့် မြန်မာနိုင်ငံ Alliance Stars Engineering ကုမ္ပဏီတို့ ဆည်ရေသောက်စနစ်များ တိုးတက်ရေးဆိုင်ရာ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးလက်မှတ်ရေးထိုးပွဲသို့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်တို့ တက်ရောက်အားပေးကြသည်။

အခမ်းအနားတွင် Alliance Stars Engineering ကုမ္ပဏီမှ ဦးဖုန်းဇော်ရွှေနှင့် ဟော်လန်နိုင်ငံ Tencate ကုမ္ပဏီမှ Mr. Chris Lawson တို့သည် ကုမ္ပဏီနှစ်ခုအကြား နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် လယ်ယာသုံးထွန်စက်များ၊ ရိတ်သိမ်းခြွေလှေ့စက်များ၊ ဟိုက်ဒရောလစ်စနစ်သုံးဆည်နှင့် ရော်ဘာဆည်တည်ဆောက်ခြင်းလုပ်ငန်းများ၊ မြက်ခင်းတုပြခန်းတို့ကို ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဒက္ခိဏသီရိမြို့နယ် ချိုင်းရွာအနီးရှိ မြေပဲမျိုးကောင်းမျိုးသန့်မျိုးပွားစိုက်ခင်းသို့ သွားရောက်ပြီး

မြေပဲအဓိက စိုက်ပျိုးသည့် မြို့နယ်အသီးသီးသို့ ဖြန့်ဝေရန် မြေပဲမျိုး တင်း ၁၀၀၀ အား သန့်စင်ထုပ်ပိုးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထို့နောက် ကိုရီးယားမျိုးတစ်ဧကပျမ်းမျှ တင်း ၁၀၀ထွက်မည့် မြေပဲသုတေသနစိုက်ခင်းကို ကြည့်ရှုအားပေးသည်။

ထိုသို့စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်ကူးပြောင်းရာတွင် မရှိမဖြစ် လိုအပ်သော ထွန်စက်များ၊ ရိတ်သိမ်း ခြွေလှေ့စက်များအား ဦးစားပေး ဆောင်ရွက်ရမည့် ဒေသများအတွက် ရိတ်သိမ်းခြွေလှေ့စက် အစီးရေ ၂၀၀၀ ကို တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးသို့ ဆောလျင်စွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် လက်တွေ့အကောင်အထည်ဖော်ရန်နှင့် နိုင်ငံတကာ စံချိန်မီအရည်အသွေးပိုင်းနှင့် စက်များ၏ ရေရှည်အသုံးပြုနိုင်ရေး၊ ပြုပြင်ထိန်းသိမ်းမွမ်းမံခြင်းနှင့် အပိုပစ္စည်းများ လက်လှမ်းတမီရရှိနိုင်ရေး စီစဉ်ဆောင်ရွက်ရန် လိုအပ်ကြောင်း။

နိုင်ငံတော်၏ အဓိကဆီထွက်သီးနှံ မြေပဲကို တောင်သူများ မျိုးကောင်းမျိုးသန့် မျိုးပွားထုတ်လုပ်ပြီး စိုက်ပျိုးရာသီ အချိန်မီ တောင်သူများ လက်ဝယ် အရောက် ဖြန့်ဖြူးရန်နှင့် ပုဂ္ဂလိကကဏ္ဍမှ မျိုးစေ့ထုတ်လုပ်ငန်း၊ မျိုးစေ့အရောင်းဆိုင်များ ထူထောင်ပါဝင်လာရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ အထူးဂရုပြုဆောင်ရွက်သွားရန် ပြောကြားသည်။

နေပြည်တော်ကောင်စီ နယ်မြေ အပါအဝင် ပြည်ထောင်စုတစ်ဝန်းလုံး စက်မှုလယ်ယာကူးပြောင်းရန် ရွှေ့ပြောင်းလုပ်ငန်းကို ထိရောက်စွာဆောင်ရွက်နေပြီး တစ်ဧကတင်း ၁၀၀ ပျမ်းမျှထွက်နိုင်သည့် မြေပဲတင်းပေါင်း ၁၃၀၀ ကို မကွေးတိုင်းဒေသကြီး အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မျိုးစေ့များဖြန့်ဖြူးရန် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့၊ နေပြည်တော် တပ်ကုန်းစိုက်ပျိုးရေးခြံနှင့် ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံတို့၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

လမ်းရှိသော်လည်း ပြေးဆွဲမည့်ကားနည်းပါးလို့ ကူညီပေးကြပါဗျို့

ဟိုးရှေးရှေးတုန်းကလို စရမယ့် ရာဇဌာနေ မင်းနေပြည်အကြောင်းတော့ မဟုတ်ပါ။ လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်ကျော်ကျော်မြို့ပြလူဦးရေတွေ တိုးတက်လာခိုက် တိုက်ခန်းဖိုးငွေလည်း မလိုက်နိုင်ကြချိန် နိုင်ငံတော်အစိုးရအစီအမံနဲ့ ဖော်ဆောင်ပြီး အစိုးရဝန်ထမ်းများအတွက် နေရာချထားပေးသမို့ ကျေးဇူးတင်စွာနဲ့ နေခွင့်ရခဲ့တဲ့ ဝန်ထမ်းမြို့ (တစ်နည်း) ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရယ်လို့ တရားဝင်အမည်ရပါတဲ့ ကံကွက်ကျားနဲ့ စည်ကားနေပါသော ဒဂုံမြောက်အကြောင်းပါခင်ဗျာ။

ပြောပြချင်တာက ဒီလိုပါ။ မြောက်ဒဂုံလို့လည်း အမည်စုံပါတဲ့ ဝန်ထမ်းမြို့မှာ ရာဇဝင်ထဲက သူရဲကောင်းများကို လေးစားဂုဏ်ယူစွာ မှည့်ခေါ်ထားတဲ့ တပင်ရွှေထီးလမ်း၊ ရာဇာဓိရာဇ်လမ်း၊ မင်းရဲကျော်စွာလမ်း၊ ဘုရင့်နောင်လမ်း၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်မင်းရောင်လမ်း လို့ဆိုတဲ့ အရှေ့နဲ့အနောက် တောင်နဲ့မြောက်ယှက်နွယ်ဖောက်လုပ်ထားတဲ့ ရပ်ကွက်များအကြား ပိုင်းခြားထားတဲ့ လမ်းမကြီးများရှိပါတယ်။

မင်းရဲကျော်စွာလမ်းဟာ ဒဂုံမြို့သစ်ပေါ်စဦးကတည်းကလမ်းပါ။ မဟာမြိုင်အိမ်ရာအနီး ဦးဝိစာရလမ်းမှ အထင်ကရဒဂုံတက္ကသိုလ်မုခ်ဦးရှေ့မှသည် စိတ်ရောဂါအထူးကုဆေးရုံကြီးရှိရာ အရှေ့ဒဂုံမြို့နယ်တိုင်ရှည်လျားပြီး အရှေ့အနောက်သွယ်ထားတဲ့ အဓိက လမ်းမကြီးဖြစ်သလို ဘုရင့်နောင်လမ်းဆိုရင်လည်း မြောက်ဥက္ကလာပ ကြိုးတံတားတစ်ဖက်ကမ်းမှသည် တောင်ဒဂုံ စက်မှုဇုန်အဝအထိ တောင်မြောက် ဖောက်လုပ်ထားတဲ့ လမ်းမဖြစ်ပါတယ်။

ယခင်ကာလကတော့ ခရီးတို၊ ရှည်ပြေးတဲ့ ချက်ကြီးခေါ်ဗိုက်ပူစစ်ကျန် ချက်ပလက်ကားတွေကို အထူးအားကိုးခဲ့ရတာပေါ့ဗျာ။ (လမ်းကြောင်းနဲ့ တယ်လိုက်ဖက်တဲ့ ကားပေကိုး) မြောက်ဒဂုံရဲ့ မြောက်ဘက်ခြမ်းမှာ ဟိုအရင်က မြို့ထဲတို့၊ သီရိမင်္ဂလာဈေးဟောင်းတို့၊ မင်္ဂလာဈေးတို့ ပြေးဆွဲတဲ့ ၃၆၊ ၂၀၆၊ ၁၃၃၊ ၇၄၊ ၁၀၈၊ ၃၁ စသည်တို့ရှိခဲ့ကြပြီး တချို့ဆို နှစ်အတန်ကြာကတည်းက ပျောက်ကွယ်သွားခဲ့ကြတာဆိုတော့ မေ့တောင်မေ့နေပါပြီ။ ထူးဆန်းနေတာက ယခု ဒီလမ်းမကြီးတွေပေါ်မှာ ၇/၈ လမ်းဆုံအထိ နှစ်ရပ်ကွက်စာ တိုးချဲ့ပြေးဆွဲပေးတဲ့ ၄၉(ဝါ) ဒိုင်နာတစ်စီးသာ ရှိတော့တာပါပဲ။

ကားဟောင်းဖျက်သိမ်းပြီး ကားသစ်တွေနဲ့ အစားထိုးပြေးမယ်လို့ကြားရစဉ်ကတော့ အလွန်မျှော်လင့်ကျေနပ်ခဲ့ရပါတယ်။ ၃၆ ဗိုက်ပူတွေရဲ့နေရာမှာ အစိမ်းနဲ့အဖြူတော့ အစားထိုးပြေးပြီး အနီနဲ့အဝါတော့ မျှော်နေရဆဲ။ ၃၁ ဗိုက်ပူ အစားထိုးပြေးပြီး ဖျက်သိမ်းခဲ့ရတဲ့ လိုင်းကားတွေကတော့ မြောက်ဒဂုံပြေးတဲ့ကားတွေဗျ၊ ဒါပေမယ့် အစားပြန်ပြေးတော့ တောင်ဥက္ကလာပ ဘေလီတံတားထိပ် ဂိတ်ဆုံးပြီတဲ့။ သြော်အစား ထိုးပြေးမှ စီးစရာ ဗိုက်ပူတောင်မရှိတော့ပါလား။ ဒီတော့ ၄၉ (ဝါ) ဒိုင်နာတစ်စီးထဲပဲ အားကိုးပြုပြီး မြို့ထဲတိုက်ရိုက်ဘတ်စ်ကားရှိရာ ၇/၈ လမ်းဆုံတို့ မြောက်ဥက္ကလာပ အဝိုင်းတို့အထိ တစ်ဆင့်ခံသွားကြရတာပေါ့၊ တချို့ဆိုရင်တော့ မြို့ထဲတို့၊ အလုပ်ရှိရာမြို့နယ်တို့ကို သွားဖို့ရာလိုင်းကားအဆင်ပြေမယ့် ပြည်ထောင်စုလမ်း၊ ပင်လုံလမ်းတို့ဘက်ကို ခြေကျင်ဖြစ်ဖြစ် ဆိုက်ကား စီးလို့ဖြစ်ဖြစ် တစ်ဆင့်ထွက်သွားကြရတာမို့ အချိန်များစွာ လစ်ဟင်းပါတယ်။

နိုင်ငံတော်က ကျေးလက်ရော မြို့တွေပါမကျန် နေရာအနှံ့ ဘက်စုံဖွံ့ဖြိုးတိုးတက်စေချင်တဲ့ စေတနာနဲ့ ရေရရှိရေး၊ မီးရရှိရေးအပြင် တယ်လီဖုန်း၊ ကားလမ်း၊ ရထားလမ်း၊ လေလမ်း၊ ရေလမ်း စုံစုံလင်လင်ကျေးလက်အရောက် ဖြည့်ဆည်းဆောင်ရွက်ပေးနေတာတွေ တွေ့နေမြင်နေရတာ မုဒိတာပွားအားရကျေနပ်စရာပါ။

ဒါကြောင့် ရန်ကုန်မြို့လယ်နဲ့ ဆယ်မိုင်ဆယ့်နှစ်မိုင်လောက်သာ ဝေးတဲ့ ကျွန်တော်တို့ရဲ့ ဝန်ထမ်းများမြို့ မြောက်ဒဂုံကိုဖြင့် အရှေ့ဒဂုံဘက်၊ ဒဂုံတက္ကသိုလ်ဘက်က မောင်းထွက်လာသမျှလိုင်းကားမှန်သရွေ့ ပြည်ထောင်စုလမ်းမနဲ့ပင်လုံလမ်းမကိုသာ အဓိကလို့ သဘောမထားဘဲ ဖြစ်နိုင်စရာနည်းလမ်းကလေးများဖွေရှာပြီး သွားလာဆက်သွယ်မှုအဆင်ပြေရေး ကူညီပေးကြပါ။ ကမ္ဘာ့ရွာဆိုတဲ့ ခေတ်ကြီးနဲ့အတူ ကျွန်တော်တို့လည်းလိုက်ပါချင်သမို့ ရာဇဝင်ထဲကလမ်းတွေနဲ့ မထားခဲ့ကြပါနဲ့လို့ . . .။

(မြောက်ပိုင်းသား)

ထင်သာမြင်သာ ပြုပြင်စရာ

ပြည်တွင်းသတင်း

◆ ရှေ့ဖုံးမှ

လူ့အဖွဲ့အစည်းအတွက် အကောင်းဆုံးသော နည်းလမ်းဖြစ်သည်ကို ၂၀၁၂ ခုနှစ်အတွင်း သင်ခန်းစာရယူနိုင်ခဲ့သည့် နိုင်ငံရေးတိုးတက်မှုဟု ဆိုရမည်ဖြစ်ပါသည်။

တစ်ဆက်တည်းမှာပင် ရှုထောင့်ပေါင်းစုံ၊ အမြင်အမျိုးမျိုးတို့ဖြင့် ကျယ်ပြန့်စွာ ဆွေးနွေးနိုင်ခဲ့သည့် လွှတ်တော်များ၏ အသက်ဝင်လာမှု၊ ဥပဒေပြုရေးဖြစ်စဉ်များ ခိုင်မာလာမှုစသည့် လွှတ်တော်နှင့်အစိုးရ၊ အပြန်အလှန်ထိန်းကျောင်းနိုင်မှုတို့ကိုလည်း မိမိအနေဖြင့် ဂုဏ်ယူလျက်ရှိပါကြောင်း ပြောကြားလိုပါသည်။ နိုင်ငံရေးဖြစ်ထွန်းမှုများအပေါ်တွင် ပြည်သူလူထုတစ်ရပ်လုံးမှ ထားရှိသည့် သဘောထားများ၊ ပါဝင်ပတ်သက်မှုများကို လေ့လာကြည့်ရှုပါက ပြည်သူများ၏ နိုင်ငံရေးစိတ်ပါဝင်စားမှု (Political Consciousness)နှင့်နိုင်ငံရေးစိတ်ရှည်သည်းခံမှု (Political Tolerance) ရေချိန်မြင့်တက်လာခြင်းများကိုလည်း အသိအမှတ်ပြုဂုဏ်ယူပါသည်။

ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် အထွေထွေပြုပြင်ပြောင်းလဲရေးများ ချောမွေ့အောင်မြင်စေရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်ကောင်းမွန်ရေးကို ဖော်ဆောင်နိုင်ရန်အတွက် နိုင်ငံတကာအသိုက်အဝန်းနှင့် ကောင်းမွန်သောဆက်ဆံရေးများ တည်ဆောက်ရန် လိုအပ်ပါသည်။ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံတကာအသိုက်အဝန်းနှင့် ထိတွေ့၍ ကောင်းမွန်သောဆက်ဆံရေးများ တည်ဆောက်နိုင်ရန် ကြိုးပမ်းခဲ့ပါသည်။ နိုင်ငံတကာမှ သမ္မတများ၊ ဝန်ကြီးချုပ်များ၊ အဆင့်မြင့်အရာရှိကြီးများ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ အထက်လွှတ်တော်အမတ်များ၊ ဥရောပသမဂ္ဂ၊ ကမ္ဘာ့ဘဏ် အစရှိသည့် နိုင်ငံတကာအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများကိုလည်း အစိုးရအဖွဲ့မှ လက်ခံတွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ၂၀၁၂ ခုနှစ်အတွင်း တံခါးဖွင့်စဖြစ်သည့် မိမိတို့နိုင်ငံသို့ နိုင်ငံတော်အဆင့် ဧည့်သည်တော်များ လာရောက်မှုအကြိမ်ပေါင်း(၁၃၄)ကြိမ်ရှိခဲ့ပြီး ထိုသို့နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံမှု အရှိန်အဟုန်ကို တိုးမြှင့်နိုင်ခဲ့ခြင်းကြောင့် မိမိတို့၏ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြင့် ဖော်ဆောင်နိုင်ရန် အထောက်အကူ ဖြစ်စေခဲ့ပါသည်။

၂၀၁၂ ခုနှစ်အတွင်း လုပ်ဆောင်ခဲ့သည့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များသည် မြန်မာ့နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုတွင် အထူးထင်ရှားအရေးပါသော ဖြစ်စဉ်များဖြစ်ပါသည်။ အဓိကတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၁)ဖွဲ့နှင့် ငြိမ်းချမ်းရေး ဆွေးနွေးမှုများ စတင်နိုင်ခဲ့ပြီး အဖွဲ့ (၁၀)ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အချို့ ရရှိခဲ့ပါသည်။ အပစ်အခတ်ရပ်စဲရေး မည်မျှပင်အောင်မြင်စေကာမူ တိုင်းရင်းသားအချို့နှင့် ဖြစ်ပွားသည့် လက်နက်ကိုင်ပဋိပက္ခများကို အဖြေရှာရန်အတွက် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများ မဖြစ်မနေပြုလုပ်ရန် လိုအပ်သည်ဟု မိမိတို့အစိုးရမှ ယုံကြည်ပါသည်။ နိုင်ငံရေးဆွေးနွေးမှုများပြုလုပ်နိုင်ရန်အတွက် လိုအပ်သည့် နိုင်ငံရေး ဆွေးနွေးပွဲပုံစံ (Framework for Political Dialogue)ကိုလည်း ပြင်ဆင်ထားပြီး ထိရောက်သော နိုင်ငံရေးဆွေးနွေးပွဲများပြုလုပ်နိုင်ရန် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိပြီးဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိ အပစ်အခတ်ရပ်စဲထားသော အဖွဲ့များအပြင် ကချင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (KIO/ KIA)ကိုလည်း ချန်လှပ်မထားဘဲ အပစ်အခတ်ရပ်စဲရုံသာမက နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်လာနိုင်အောင် မိမိတို့တံခါးဖွင့်ထားပါသည်။ ငြိမ်းချမ်းရေး ကြိုးပမ်းအားထုတ်နေချိန်တွင် တပ်မတော်အနေဖြင့်လည်း အသက်သွေးချွေးတို့ ပေးဆပ်ပြီး နိုင်ငံတော်လုံခြုံရေးအတွက်သာမက ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုလုံးအတွက်ပါ ကြိုးပမ်းလျက်ရှိပါသည်။

ထိုသို့ပြုလုပ်ရန် လိုအပ်မည့် ယုံကြည်မှုတည်ဆောက်ရေးလုပ်ငန်းများကိုလည်း ငြိမ်းချမ်းရေးဖော်ဆောင်ရေး ကော်မတီအဆင့်ဆင့်မှ ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း အသိပေးတင်ပြလိုပါသည်။ ထို့ပြင် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး ဖော်ဆောင်ရေး၊ ငြိမ်းချမ်းရေးလွန်ကာလ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ထိရောက်စွာလုပ်ဆောင်နိုင်ရန်အတွက် **"မြန်မာ့ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးဗဟိုဌာန (Myanmar Peace Centre)"** ကို တည်ထောင်ဖွင့်လှစ်ထားပြီး ဖြစ်ပါသည်။

အစိုးရအနေဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို အထက်ပါအတိုင်း ဆောင်ရွက်အကောင်အထည်ဖော်နိုင်ခဲ့သလို အထူးလိုအပ်လျက်ရှိသော စီးပွားရေးပြုပြင်ပြောင်းလဲမှုများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

ထင်ရှားသည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများမှာ နိုင်ငံခြားငွေလဲလှယ်နှုန်းကို ဈေးကွက်နှင့်လျော်ညီစွာ နှုန်းရှင်အဖြစ် ပြုပြင်ပြောင်းလဲနိုင်ခဲ့ခြင်း၊ ဘဏ်လုပ်ငန်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို စတင်ဆောင်ရွက်ခဲ့ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အားပေးသည့် စီးပွားရေးဝန်းကျင်တစ်ရပ် ဖန်တီးပေးရန် ကြိုးပမ်းဆောင်ရွက်နေခြင်း၊ နိုင်ငံခြားခရီးသွားလုပ်ငန်းများကို ပြန်လည်သက်ဝင်စေခြင်းနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းခြင်းများကို ဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။

မြန်မာ့စီးပွားရေးဝန်းကျင်တွင် ကာလရှည်ကြာတည်ရှိနေခဲ့သော အမျိုးသားစီးပွားရေးပြဿနာကို ပြည်တွင်း ပြည်ပပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် စတင်ပူးပေါင်းဆောင်ရွက်လာခဲ့ခြင်းတို့ကြောင့် **"စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲရေးမူဘောင်"** နှင့် **"ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမူဘောင်"**တို့ကို ရေးဆွဲနိုင်ခဲ့ပါသည်။ ယင်းမူဘောင်များအရ ရေတို၊ ရေရှည်စီမံကိန်းများကိုလည်း စတင်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ကာလရှည်ကြာ အဟန့်အတားဖြစ်နေခဲ့သော ပြည်ပမှ စီးပွားရေးပိတ်ဆို့မှုများကိုလည်း ဖြေလျှော့ပေးစေရန် ကြိုးပမ်းနိုင်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလတွင် ဩစတြေးလျနိုင်ငံမှ ပိတ်ဆို့မှုများကို စတင်ဖယ်ရှားပေးခဲ့ပြီး ဥရောပသမဂ္ဂကလည်း ပိတ်ဆို့မှုများကို ဆိုင်းငံ့ပေးသကဲ့သို့ ဇူလိုင်လတွင် အမေရိကန်ပြည်ထောင်စုမှလည်း မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံခွင့်ကို ပြန်လည်ခွင့်ပြုခဲ့ပါသည်။ ထို့ပြင် နိုဝင်ဘာလတွင် သွင်းကုန်များ တားမြစ်မှုကိုလည်း ဖယ်ရှားပေးခဲ့ပါသည်။ တစ်ဆက်တည်းမှာပင် ပြည်ထောင်စုလွှတ်တော်၏ ကူညီပံ့ပိုးမှုဖြင့် **"နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်"** ကို ပြဋ္ဌာန်းပေးခဲ့ပါသည်။ ယခင်နှစ်အတွင်း ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကြောင့် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ခြောက်သောင်းကျော်ကို ဖန်တီးပေးနိုင်သကဲ့သို့ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများကို အားပေးနိုင်ခဲ့သည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ပါသည်။ ထို့ပြင် အလုပ်သမားနှင့် လယ်သမားအဖွဲ့အစည်းများကိုလည်း လွတ်လပ်စွာ ဖွဲ့စည်းခွင့်ပြုခြင်း၊ ယင်းတို့၏ လိုအင်ဆန္ဒများအတွက် ဆန္ဒထုတ်ဖော်ခွင့်များ လုပ်ဆောင်လာနိုင်ခြင်းများသည် လွတ်လပ်ပွင့်လင်းလာသော အခြေအနေကို အစပျိုးနိုင်ခဲ့ခြင်းပင် ဖြစ်ပါသည်။

လူမှုရေးဆောင်ရွက်ချက်များအနေဖြင့်လည်း ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နိုင်ခဲ့သည့်အပြင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအတွက် ထိုက်သင့်သော ပင်စင်လစာနှုန်းသစ်များ တိုးမြှင့်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ထို့ပြင် လာမည့်ဘဏ္ဍာရေးနှစ်အတွက် ရသုံးမှန်းခြေငွေစာရင်းကိုလည်း အစိုးရနှင့် လွှတ်တော်တို့အကြား ပွင့်လင်းမြင်သာမှုရှိရှိဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ခဲ့သဖြင့် **"ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ"** ကို တစ်နှစ်ထက်တစ်နှစ် ပိုမိုစနစ်ကျစွာ ပြဋ္ဌာန်းနိုင်တော့မည်ဖြစ်ပါသည်။ လွှတ်တော်အတွင်း၌ ရသုံးမှန်းခြေငွေစာရင်း ဆွေးနွေးသည့်ကိစ္စရပ်များကိုလည်း ပြည်သူလူထုထံ ပွင့်လင်းမြင်သာမှုရှိရှိ အသိပေးနိုင်ခဲ့ပြီး လာမည့်ဘဏ္ဍာရေးနှစ်တွင် နိုင်ငံ့ဝန်ထမ်းများ၏ ထောက်ပံ့ကြေးများကို တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်ပေးနိုင်တော့မည်ဖြစ်သည်ကိုလည်း တွေ့ရှိရမည်ဖြစ်ပါသည်။

နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုများစွာ လုပ်ဆောင်နိုင်ခဲ့သော်လည်း အသွင်ကူးပြောင်းရေးဖြစ်စဉ်အတွင်း၌ အဆင်မပြေမှုများနှင့် စိန်ခေါ်မှုများစွာကို ကြုံတွေ့ခဲ့ရပါသည်။ လက်ပံတောင်းတောင်စီမံကိန်းဆန္ဒပြမှုများ ၊မြေယာပြဿနာများ၊ ရခိုင်ပြည်နယ်ကိစ္စရပ်များနှင့် ကချင်ပြည်နယ် ငြိမ်းချမ်းရေးကိစ္စများမှ အတွေ့အကြုံများအား သင်ခန်းစာများအဖြစ်ရယူ၍နောင်လာမည့်နှစ်များတွင်ပိုမိုကောင်းမွန်သော စီမံခန့်ခွဲမှုမျိုးဖြစ်ပေါ်လာစေရန် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ပါသည်။

ယနေ့ မိမိတို့ဆောင်ရွက်နေသော နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှုများတွင် လွှတ်တော်များနှင့် အစဉ်ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အထူးသဖြင့် ယခင်တစ်နှစ်ကျော် ကာလက ရရှိခဲ့သည့် ဥပဒေပြုရေးဆိုင်ရာ အတွေ့အကြုံများကို အခြေခံ၍ သင်ခန်းစာများ ဖော်ထုတ်ပြီး ပိုမိုထိရောက်အောင် ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်ထားပါသည်။ ယခုအချိန်အခါကဲ့သို့ နိုင်ငံတကာအသိုက်အဝန်းနှင့် ပြည်တွင်းနိုင်ငံရေးအင်အားစုများအကြား မြန်မာနိုင်ငံ၏ နိုင်ငံရေးဂုဏ်သိက္ခာကိုမြှင့်တင်နိုင်သော၊ ပြုပြင်ပြောင်းလဲရေးများ လုပ်ဆောင်နိုင်သောကာလတွင် လွှတ်တော်များ၏ အခန်းကဏ္ဍမှာ များစွာအရေးပါသည်ကို မိမိအနေဖြင့် အစဉ်ဂရုပြုပြီး အစိုးရ၏ အုပ်ချုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။

ခေတ်မီသော ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းသို့ ချီတက်ကြရာတွင် ခက်ခဲကြမ်းတမ်းသော လှေကားထစ်များကို ကျော်ဖြတ်ရလေ့ရှိပါသည်။ မိမိတို့ အစိုးရအနေဖြင့် တရားဥပဒေစိုးမိုးရေး၊ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး စသည်တို့ကို တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်လုပ်ဆောင်သွားရမည်ဖြစ်ပါသည်။ အစိုးရယန္တရား၏ ကောင်းမွန်သော အုပ်ချုပ်မှုနှင့် သန့်ရှင်းသောအစိုးရဖြစ်ရေးအတွက် အရှိန်အဟုန်မြင့် ကြိုးပမ်းဆောင်ရွက်ရမည်ကိုလည်း သိရှိထားပါသည်။ ပြည်ထောင်စုလွှတ်တော်အနေဖြင့်လည်း ပြည်သူများ၏ လက်တွေ့အကျိုးစီးပွား၊ ရေရှည်အကျိုးစီးပွားကို အလေးအနက်ထားသည့် ပြည်သူ့ဗဟိုပြုဥပဒေများ ဆက်လက်ပြဋ္ဌာန်းပေးသွားခြင်းဖြင့် ပြည်သူများအား ဒီမိုကရေစီယဉ်ကျေးမှု၊ ဒီမိုကရေစီ အလေ့အကျင့်များနှင့် ယဉ်ပါးရင်းနှီးလာအောင် လုပ်ဆောင်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

မြန်မာ-ကိုရီးယား နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီဖွဲ့စည်းမှု ပူးတွဲကြေညာချက် လက်မှတ်ရေးထိုး

နေပြည်တော် ဇန်နဝါရီ ၁၀

မြန်မာ-ကိုရီးယား နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီဖွဲ့စည်းရေးဆိုင်ရာ ဆွေးနွေးပွဲနှင့် ပူးတွဲကြေညာချက် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ကိုရီးယားသမ္မတနိုင်ငံ မဟာဗျူဟာနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး H.E.Mr. Bahk, Jae Wan တို့သည် မြန်မာ-ကိုရီးယား နှစ်နိုင်ငံအကြား ဘဏ္ဍာရေး၊ စီးပွားရေး၊ စက်မှု၊ ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံ၊ စွမ်းအင်၊ ပညာရေး၊ သိပ္ပံနှင့် နည်းပညာ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး၊ လယ်ယာစိုက်ပျိုးရေး၊ သစ်တော၊ ငါးလုပ်ငန်းနှင့် အစိမ်းရောင်ဖွံ့ဖြိုးမှု၊ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် အားကစားနယ်ပယ်ကဏ္ဍများ၌ ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများကို မြန်မာ-ကိုရီးယား ပူးတွဲလုပ်ငန်းကော်မတီမှ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရန်ကိစ္စများ ဆွေးနွေးကြပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကြေညာချက်ကိုလက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ကြသည်။ (ဓာတ်ပုံ)

အဆိုပါ ပူးတွဲကြေညာချက်အရ ကိုရီးယား အသိပညာ၊ အတတ်ပညာ မျှဝေပေးရေး အစီအစဉ်(Knowledge Sharing Program-KSP)၊ Myanmar Development Institute (MDI) တည်ထောင်ရေး၊ စီးပွားရေးဖွံ့ဖြိုးမှု ပူးပေါင်းရေး ရန်ပုံငွေ (Economic Development Cooperation Fund-EDCF) ဖြင့် ဖွံ့ဖြိုးမှုစီမံချက်များ အကောင်အထည်ဖော်ရေး ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖလင်ပါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

နိုင်ငံတကာသတင်း

ဗီယက်နမ်အလုပ်သမား ၉၀၀၀၀ ယခုနှစ်အတွင်း ပြည်ပသို့ စေလွှတ်မည်

ဟနွိုင်း ဇန်နဝါရီ ၁၀

ဗီယက်နမ်နိုင်ငံသည် ၂၀၁၃ ခုနှစ်အတွင်း ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ရန် အလုပ်သမား ၉၀၀၀၀ စေလွှတ်ပေးရန် စီစဉ်ထားကြောင်း၊ အဓိကအားဖြင့် တောင်ကိုရီးယား၊ မလေးရှား၊ ရုရှားနှင့် တရုတ် (တိုင်ပေ) နိုင်ငံတို့သို့ ပို့ဆောင်စေလွှတ်ပေးမည်ဖြစ်ကြောင်း ဗီယက်နမ်အလုပ်သမားနှင့် လူမှုရေးဝန်ကြီးဌာန၏ ဇန်နဝါရီ ၉ ရက်ကထုတ်ပြန်သည့်စာရင်းတွင် ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံသည် ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်အတွင်းက ပြည်ပနိုင်ငံများသို့ အလုပ်သမား ၈၀၀၀၀ စေလွှတ်ခဲ့ပြီး ယင်းလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကို ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်နှင့် မလေးရှားနိုင်ငံတို့သို့ ပို့ဆောင်ခဲ့ကြောင်း အဆိုပါထုတ်ပြန်သည့် စာရင်းတွင်ပါရှိသည်။ တောင်ကိုရီးယားနိုင်ငံသည် ဗီယက်နမ်အလုပ်သမား ၁၀၀၀၀ ကျော်ခေါ်ယူငှားရမ်းသည့် တတိယမြောက်အကြီးဆုံးဈေးကွက်ဖြစ်သည်။ သို့သော်လည်း ၂၀၁၂ ခုနှစ် ဩဂုတ်လကတည်းကစပြီး ဗီယက်နမ်နိုင်ငံသည် အလုပ်သမားများ နေသင့်သည်ထက်ကျော်လွန်ပြီး တရားမဝင်နေထိုင်သူအရေအတွက်များပြားလာခြင်းကြောင့် အလုပ်သမားသစ်ထပ်မံဖြည့်တင်းမှုကို တင်းတင်းကျပ်ကျပ်လုပ်ဆောင်ခဲ့သည်။

ယင်းပြဿနာကို ဖြေရှင်းနိုင်ရန် နိုင်ငံအတွင်းမှ မထွက်ခွာမီ ပြည်တွင်း၌ ကြိုတင်ငွေပေးချေမှုတစ်ခု ပြုလုပ်ရန် အဆိုပါဝန်ကြီးဌာနအနေဖြင့် အလုပ်သမားများအား ပြဋ္ဌာန်းသွားမည်ဖြစ်သည်။ ယခု ၂၀၁၃ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံသို့ ဗီယက်နမ်အလုပ်သမား ၁၂၀၀၀ မှ ၁၅၀၀၀ အထိ ပို့ဆောင်သွားမည်ဖြစ်ကြောင်း ယင်းဌာနက ပြောကြားသည်။

စီစဉ်ထား

ပြီးခဲ့သည့် ၂၀၁၀ ခုနှစ်က နိုင်ငံရေးအကျပ်အတည်းများ ကြုံတွေ့မှုကြောင့် လစ်ဗျားနိုင်ငံမှ ဗီယက်နမ်အလုပ် သမား ၁၀၀၀၀ ကျော်ကို ပြည်တွင်းသို့ ပြန်လည်ခေါ်ယူခဲ့ကြောင်း၊ ယခုနှစ်တွင် လစ်ဗျားနိုင်ငံသို့ အလုပ် သမား ၅၀၀၀ စေလွှတ်ရန် အဆိုပါဝန်ကြီးဌာနက စီစဉ်ထားသည်ဟုဆိုသည်။ **(ဆင်ဟွာ)**

ဟီရိုရှီးမားအဏုမြူဗုံးကြဲခံရမှု ရှားပါးဓာတ်ပုံ ဂျပန်၌တွေ့ရှိ

ဟီရိုရှီးမား ဇန်နဝါရီ ၁၀

ဟီရိုရှီးမားမြို့ကို အမေရိကန်တို့ အဏုမြူဗုံးကြဲရာမှ ထွက်ပေါ်လာသော မှိုပွင့်ပုံသဏ္ဌာန် အဏုမြူတိမ်တိုက်ပုံအား မတူညီသည့်နေရာနှစ်ခုမှ ရိုက်ကူးပြသထားသည့် ရှားပါးဓာတ်ပုံတစ်ပုံကို ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့အတွင်းမှ ရှာဖွေတွေ့ရှိခဲ့ကြောင်း ဇန်နဝါရီ ၁၀ ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ရှားပါးသော အဆိုပါ အဖြူအမည်း ဓာတ်ပုံလေးကို ပိုင်ဆိုင်သူမှာ ဟီရိုရှီးမားမြို့ ဟွန်ကာဝါမူလတန်းကျောင်းဖြစ်သည်။ ၎င်းကျောင်းတွင် ဒုတိယကမ္ဘာစစ်အတွင်း ယင်းမြို့၏ချူကလီးယားဗုံးနှင့် ဆက်နွှယ်သောပစ္စည်းများကို သိမ်းဆည်းထားသည်။ အဆိုပါပစ္စည်းများကြားမှ ၎င်းဓာတ်ပုံကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ဟီရိုရှီးမားငြိမ်းချမ်းရေး အထိမ်းအမှတ်ပြတိုက်ရှိ ပြတိုက်မှူးတစ်ဦးက ဇန်နဝါရီ ၉ ရက်တွင် ပြောကြားခဲ့ကြောင်း အေအက်ဖ် ပီသတင်းဌာနက ထုတ်ပြန်သည်။

ယင်းဓာတ်ပုံလေးကို ၁၉၄၅ ခုနှစ် ဩဂုတ် ၆ ရက်က အဆိုပါ အဏုမြူဗုံး ပေါက်ကွဲပြီးနောက် နာရီဝက်ခန့်အကြာတွင် ရိုက်ကူးယူဆောင်ထားခဲ့ခြင်းဖြစ်သည်ဟု ယုံကြည်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ **(ပရက်စ်တီဗွီ)**

ဆော်ဒီငါးဖမ်းရေယာဉ်များ အီရန်ကမ်းခြေစောင့်တပ်ဖမ်းဆီး

တီဟီရန် ဇန်နဝါရီ ၁၀

ပါရှန်ပင်လယ်ကွေ့ရှိ အီရန်ရေပိုင်နက်အတွင်း ကျူးကျော်ဝင်ရောက်လာသည့် ဆော်ဒီငါးဖမ်းလှေနှစ်စင်းကို အီရန်ကမ်းခြေစောင့် တပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း ဇန်နဝါရီ ၉ ရက် ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အီရန် ကမ်းခြေစောင့်တပ်ဖွဲ့သည် မည်သည့်အလံမျှ လွှင့်ထူထားခြင်းမရှိသည့် အဆိုပါ ရေယာဉ်နှစ်စင်းကို မြင်တွေ့ချိန်တွင် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ဘူရှာဟာပြည်နယ် ကမ်းခြေစောင့်တပ်ဖွဲ့မှ ကွာလန်ဒါလပ်ကာရီက ဇန်နဝါရီ ၈ ရက်တွင် ဖားစ်သတင်းဌာနသို့ ပြောကြားခဲ့သည်။

ယင်းရေယာဉ်များသည် ငါးဖမ်းရန် ဆော်ဒီအာရေဗျနိုင်ငံမှ အီရန်ရေပိုင်နက်အတွင်း ဖြတ်သန်းဝင်ရောက်လာခြင်းဖြစ်ကြောင်း၊ ရေယာဉ်ပေါ်လိုက်ပါလာသော အိန္ဒိယနိုင်ငံသားများဖြစ်ကြသည့် ရေယာဉ်ကပ္ပတိန်များနှင့်အဖွဲ့သားများ အားလုံးကို ဖမ်းဆီးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **(ပရက်စ်တီဗွီ)**

ပြန်ပေးဆွဲခံရသည့် အီရန်နိုင်ငံသားများ ဆီးရီးယားစစ်သွေးကြွများ ပြန်လွှတ်ပေး

တီဟီရန် ဇန်နဝါရီ ၁၀

ဆီးရီးယားစစ်သွေးကြွများသည် ၂၀၁၂ ခုနှစ်က မြို့တော်ဒမတ်စကတ်အတွင်းမှ ပြန်ပေးဆွဲဖမ်းဆီးသွားသည့် အီရန်နိုင်ငံသား ၄၈ ဦးကို ဇန်နဝါရီ ၉ ရက်က ပြန်လွှတ်ပေးလိုက်ကြောင်း ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြသည်။ **(အောက်ပုံ)**

၎င်းလက်နက်ကိုင် စစ်သွေးကြွများသည် ပြန်ပေးဆွဲထားသည့် အီရန်နိုင်ငံသားများကို ဆီးရီးယားအစိုးရက ဖမ်းဆီးထားသော အကျဉ်းသားများနှင့် ဖလှယ်ခဲ့ခြင်းဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အဆိုပါလဲလှယ်မှုကို တူရကီနှင့် ကာတာတို့က ကြားဝင်ဖျန်ဖြေမှုသဘောတူညီချက်တစ်ရပ်ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းသဘောတူညီချက်အရ အီရန်နိုင်ငံသား ၄၈ ဦးကို လဲလှယ်ရာတွင် တူရကီနိုင်ငံသားအချို့အပါအဝင် ဆီးရီးယားအစိုးရက ဖမ်းဆီးထားသော လက်နက်ကိုင်သူပုန် ၂၁၃၀ ကိုလည်း လွှတ်ပေးရန် တောင်းဆိုထားကြောင်း တူရကီအနာဒိုလူးသတင်းဌာနက ပြောကြားသည်။

ဆီးရီးယားစစ်သွေးကြွများသည် အီရန်နိုင်ငံသား စုစုပေါင်း ၄၈ ဦးကို ပြီးခဲ့သည့်နှစ် ဩဂုတ်လက ဒမတ်စကက်မြို့၌ ပြန်ပြေးဆွဲဖမ်းဆီးသွားခဲ့ခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

တက္ကဆက်နျူကလီးယားဓာတ်အားပေးစက်ရုံမီးလောင်

နယူးယောက် ဇန်နဝါရီ ၁၀

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်၌ နျူကလီးယားလျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံ မီးလောင်မှုဖြစ်ပွားခဲ့ပြီး ထရန်စဖော်မာတစ်ခု ပိတ်ထားရမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံပိုင်မီဒီယာများက ဖော်ပြသည်။

ဖြစ်ပွားခဲ့

မီးလောင်မှုဖြစ်ပွားရာတွင် ဒဏ်ရာရသူမရှိသော်လည်း ဘေးစီးတီးအနီး တက္ကဆက်ပြည်နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနရှိ ထရန်စဖော်မာအမှတ်-၂ တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်ဟု အေဘီစီသတင်းဌာနက ပြောကြားသွားခဲ့သည်။

"မီးလောင်မှုကို မြန်မြန်ဆန်ဆန်ထိန်းချုပ်ပြီး ငြိမ်းသတ်နိုင်ခဲ့ပါတယ်။ ထရန်စဖော်မာတစ်လုံးကတော့ အလိုအလျောက် ရပ်ဆိုင်းသွားခဲ့ပါတယ်။ ဒါပေမယ့် ကျန်တဲ့ ထရန်စဖော်မာတစ်လုံးနဲ့ ရာခိုင်နှုန်းပြည့် ဓာတ်အားဖြန့်ဖြူးပေးနေပါတယ်" ဟု တာဝန်ရှိသူများက ပြောကြားသည်။

ဖြန့်ဖြူးပေး

အဆိုပါ ဓာတ်အားပေးစက်ရုံသည် ဟူစတန်မြို့၏ အနောက်တောင်ဘက် ကီလိုမီတာ ၁၄၀ အကွာတွင် တည်ရှိပြီး ဓာတ်အားပမာဏ ၁၃၅၀ မဂ္ဂါဝပ် ထုတ်ပေးနိုင်သည့် ဓာတ်အားပေးစက်နှစ်လုံးတပ်ဆင်ထားကာ လူဦးရေနှစ်သန်းသို့ ဓာတ်အားဖြန့်ဖြူးပေးနေခြင်းဖြစ်သည်။

(ဆင်ဟွာ)

တင်မောင်လွင် - စုစည်းသည်

၁၅ နှစ်အတွင်း ကီလိုမီတာ ၁၈၀၀၀၀ သွားခဲ့သည့် စာပို့လုလင်

တရုတ်နိုင်ငံအလယ်ပိုင်း ဟူဘေးပြည်နယ် အင်န်ရှီမြို့ရှိ တောင်ထူထပ်သောကျေးရွာတစ်ရွာ၌ သူ၏ကိုယ်ပိုင်နည်းလမ်းဖြင့် စာများပို့ဆောင်ပေးခဲ့သည့် စာပို့လုလင် ကျန်မီချန်အား ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်က တွေ့ရစဉ်။ (ကျေးလက်စာပို့လုလင်တစ်ဦးဖြစ်သူ ကျန်မီချန်အမည်ရှိ အဆိုပါစာပို့လုလင်သည် တုတ်တစ်ချောင်းဖြင့် အိတ်နှစ်အိတ်ကို ထမ်းပိုးယူဆောင်ကာ တောတောင်ထူထပ်သောဒေသအတွင်း ဖြတ်သန်းပြီး ၁၅ နှစ်ကြာ စာပို့လုပ်ငန်းလုပ်ဆောင်လျက်ရှိရာ ယင်း ၁၅ နှစ် အချိန်ကာလအတွင်း ကီလိုမီတာ ၁၈၀၀၀၀ ခန့်အကွာအဝေး သွားရောက်ခဲ့ပြီးဖြစ်ကြောင်း ဆင်ဟွာသတင်းတွင်ဖော်ပြသည်။)

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

တိုင်းရင်းသား လီဆူဗုဒ္ဓဘာသာထွန်းကားပြန့်ပွားရေးအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံ၍ တောင်တန်းဒေသတွင် အထူးကြိုးစားသာသနာပြုဆောင်ရွက်ခဲ့သော မိုးကုတ်မြို့၊ တောင်တန်းဒေသ သာသနာပြုအဖွဲ့ဝင် ညီငယ် ဦးစီပို့(ခ) ဦးစုဗူးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၃)ဖြင့် **သဒ္ဓမ္မဇောတိကဓဇ** ဘွဲ့ကို ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် လီဆူတစ်မျိုးသားလုံးကိုယ်စား လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါသည်။

ဦးမုလောစန်(ခ)ဦးထွန်းရင် (MD)
Premier Coffee Co., Ltd.

ဂုဏ်ယူဝမ်းမြောက်ခြင်း
Palm Spring Resort မြစ်ကြီးနားဖွင့်ပွဲ

ချစ်ညီမလေး၊ ချစ်သူငယ်ချင်း ဒေါ်အက်(စ်)ခေါ်နန်နန်း (MAY & MARk GEMS) ၏ ၁၀.၁.၂၀၁၃ ရက်နေ့ ကျရောက်သော ကချင်ပြည်နယ်နေ့ကို ဂုဏ်ပြုသောအားဖြင့် Palm Spring Resort မြစ်ကြီးနားအား ဖွင့်လှစ်နိုင်ခဲ့သဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆက်လက်၍ ဘုရားရှင်ထံမှ ကောင်းကြီးတွေမင်္ဂလာ ခံစားရရှိပြီး အမျိုးဘာသာ၊ သာသနာ အရေးပြည်သူ့အကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါသည်။

ချစ်သောအစ်မများ
ဒေါ်ဂျာအောန် (ပါဖေကွ-ငြိမ်း)၊ ဒေါ်ဇုန်းဝမ် (လက်ထောက်ကထိက မြစ်ကြီးနားပညာရေးကောလိပ်)၊ ဒေါ်ဇုန်းဥ (လက်ထောက်ကထိက မြစ်ကြီးနားပညာရေးကောလိပ်) ဒေါ်ဇုန်းလော်(ထက်အုပ် အ.ထ.က မန်ဆီန်)၊ ဒေါ်ဂျာဘူ၊ ဒေါ်လုဘူ၊ ဒေါ်ဂျာလိုင်၊ ဒေါ်ပေဘောင်နော် (ထက်ပြ-ငြိမ်း)၊ ဒေါ်ခေါ်မျော်(ထက်ပြ-ငြိမ်း)
ချစ်သောသူငယ်ချင်းများ
ဒေါ်လုဂျာ (ထက်အုပ် အ.ထ.က ဆော်လူး)၊ ဒေါ်ဇုန်းဆွေ (လယ်အုပ် အ.ထ.က ဒုယန်)၊ ဒေါ်ဇုန်းထန့် (လယ်ပြ ထက်ခွဲ-ရွှေကူ)၊ ဒေါ်ကောလုဂျာ (လယ်ပြ အ.ထ.က မန်ဆီန်)၊ ဒေါ်နန်ထန်၊ ဒေါ်အက်ရှယ်အောင်

နိုင်ငံတကာသတင်း

သမ္မတအာဆတ်၏ ငြိမ်းချမ်းရေးအစီအစဉ်နှင့် နေတိုးဒုံးကျည်များတူရကီတွင်ဖြန့်ကြက်မှု

တိုး ရေးသည်

၂၀၁၁ ခုနှစ် မတ်လကစတင်ခဲ့သည့် ဆီးရီးယားပြည်တွင်းဆူပူအုံကြွမှုမှာ ယခုအခါ အချိန်ကာလအားဖြင့် လပေါင်း ၂၂ လကြာပြီဖြစ်သော်လည်း ငြိမ်းအေးမသွားဘဲ တစ်စတစ်စပို၍ဆိုးလာခဲ့သည်။ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခကြောင့် သေဆုံးသူဦးရေမှာ ၆၀၀၀၀ ကျော်ပင်ရောက်ရှိခဲ့ပြီဖြစ်သည်။ အိုးအိမ်စွန့်ခွာထွက်ပြေးပုန်းရှောင်သူဦးရေမှာလည်း ဒုနှင့်ဒေးဖြစ်သဖြင့် ပြည်တွင်း၌သာမက ပြည်ပသို့ သွားရောက်ခိုလှုံသည့် ဒုက္ခသည်ဦးရေမှာ အိမ်နီးချင်းနိုင်ငံများ၌ ပိုမိုများပြားလာကာ ထိုနိုင်ငံတို့အဖို့ ဝန်ထုပ်ဝန်ပိုးတစ်ခုအသွင် ဆောင်လာသည်။

ထို့ပြင် ဆီးရီးယားပြည်တွင်း ပဋိပက္ခက နယ်စပ်ကျော်၍ အိမ်နီးချင်းနိုင်ငံအတွင်း ကျံ့ထွက်မှုရှိသည်ကို ပြပါဆိုလျှင် ဆီးရီးယားဘက်မှ လက်နက်ကြီးများဖြင့်ပစ်သဖြင့် တူရကီနယ်စပ်မြို့ အက်ကာကေးမှ အမျိုးသမီးတစ်ဦးနှင့် ၎င်း၏ ရင်သွေးသုံးဦးသေဆုံးပြီး အခြားသော ရင်သွေးသုံးဦးပါ ဒဏ်ရာရမည့်အဖြစ်မျိုး ၂၀၁၂ ခုနှစ် အောက်တိုဘာ ၃ ရက်က အဖြစ်ဆိုးကို ညွှန်းပြရသည် ဖြစ်ပါသည်။

ထိုအခါ ချစ်ကြည်ခဲ့သော အိမ်နီးချင်းကောင်းဆက်ဆံရေးကို ပျက်ပြားစေသည့် အခြေသို့ဆိုက်ရောက်ရသည်။ ၂၀၁၃ ခုနှစ်တွင် လိုအပ်လျှင် ဆီးရီးယားကို တူရကီအစိုးရက တိုက်ခိုက်ရန်အဆိုပြုချက်ကို တူရကီပါလီမန်က ၂၀၁၂ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် အတည်ပြုနိုင်သည်။ တူရကီသည် နေတိုးအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ ယင်းသို့ ဆီးရီးယား၏ လက်နက်ကြီးများပစ်ခတ်မှုဖြင့် ခြိမ်းခြောက်လာသောအခါ အကူအညီတောင်းလိုက်သည်။ တူရကီနှင့် ဆီးရီးယားနယ်စပ်တစ်လျှောက်တွင် ဖြန့်ကြက်ရန် အမေရိကန်၊ ဂျာမနီနှင့် နယ်သာလန်နိုင်ငံတို့က ပက်ထရီယော့ဒုံးခွင်းဒုံး အမြောက်တပ်စု ခြောက်စုပေးပို့မည်ဖြစ်ပြီး ၂၀၁၃ ခုနှစ် ဇန်နဝါရီလကုန်တွင် လက်နက်များအသုံးပြုနိုင်မည်ဖြစ်သည်။ သာမန်လူ့အခွင့်အရေးတောင်းဆိုသူ ဆန္ဒပြသူများအား ဆီးရီးယားသမ္မတအာဆတ်၏ အစိုးရက အကြမ်းဖက်နှိမ်နင်းရာမှာ ဆန့်ကျင်ဘက်အင်အားစုများ တဖြည်းဖြည်းကြီးထွားလာပြီး ပြည်ပအကူအညီများပါရယူလျက် ဆီးရီးယားပြည်တွင်းလက်နက်ကိုင် ပဋိပက္ခမှာ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးကိုပင် ခြိမ်းခြောက်လာပြီဟု ဆိုရမလိုဖြစ်လာသည်။

ထိုအတောအတွင်း ဆီးရီးယားသမ္မတ အာဆတ်က ဒမတ်စကတ်မြို့တော်၌ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၆ ရက်က တစ်နာရီနီးပါး မိန့်ခွန်းပြောစဉ် ဆီးရီးယားပြည်တွင်းငြိမ်းချမ်းရေးဖြစ်သည့် လမ်းပြ မြေပုံကိုချပြလိုက်သည်။ သမ္မတ အာဆတ်သည် ယင်းသို့ ပြည်သူရှေ့မှောက်သို့ထွက်၍ မိန့်ခွန်းပြောသည်မှာ ၂၀၁၂ ခုနှစ် ဇွန် ၄ ရက်နောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်သည်။ အသေအပျောက်များသည့် ဆီးရီးယားအကျပ်အတည်းကို နိုင်ငံရေးအရ ဖြေရှင်းရေးအတွက် သမ္မတ အာဆတ်၏အစီအစဉ်တွင် အဆင့်သုံးဆင့်ပါရှိသည်။ ၎င်းတို့တွင် အပစ်အခတ်ရပ်စဲရန်၊ အမျိုးသားညီလာခံကျင်းပရန်နှင့် ကျယ်ပြန့်စွာအခြေခံသည့် အစိုးရနှင့် ပါလီမန်ထူထောင်ရန် စသည်တို့ပါဝင်သည်။ ထို့ပြင် အခြားသောနိုင်ငံများအနေဖြင့် အတိုက်အခံများအား ကူညီထောက်ပံ့နေမှုများ ရပ်ဆိုင်းရန်လည်း သမ္မတအာဆတ်က တောင်းဆိုထားသည်။

သမ္မတအာဆတ်၏ မိန့်ခွန်းပါ အဆိုပြုချက်နှင့်ပတ်သက်၍ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက စိတ်ပျက်မိကြောင်း မစ္စတာ ဘန်ကီမွန်း၏ ပြောရေးဆိုခွင့်ရှိသူက ပြောဆိုသည်။ ဆီးရီးယားပြည်သူတို့ ရင်ဆိုင်နေရသည့် ကြောက်မက်ဖွယ် ခံစားရမှုကို အဆုံးသတ်စေမည့် ဖြေရှင်းချက်အတွက် သမ္မတအာဆတ်၏ တင်ပြချက်က အထောက်အကူပြုသဖြင့်လက်ရှိအချိန်တွင် ဆီးရီးယားပြည်သူတို့အတွက် အလိုအပ်ဆုံးမှာ ဆီးရီးယား

ဆီးရီးယား-တူရကီနယ်စပ်၌ နေတိုးပက်ထရီယော့ဒုံးခွင်းဒုံးများ ဖြန့်ကြက်လျက်ရှိစဉ်။

ကို အစိတ်စိတ်အမြွှာမြွှာဖြစ်စေသည့် အကျပ်အတည်းကို အမှန်တကယ်ဖြေရှင်းပေးရေးပင်ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ရှုမြင်သည်။ ထို့ပြင် သမ္မတ အာဆတ်၏ မိန့်ခွန်းမှာ ၂၀၁၂ ခုနှစ် ဇွန်လ ၃၀ ရက်က ဂျီနီဗာ ကြေညာစာတမ်း အရေးအပါဆုံး အချက်ကိုလည်း ငြင်းပယ်ထားသည်ကို တွေ့ရသည်။ ယင်းအချက်မှာ ဆီးရီးယား၌ နိုင်ငံရေးအသွင်ကူးပြောင်းရာ၌ ဆီးရီးယားပြည်သူ အားလုံး၏ ကိုယ်စားလှယ်များပါဝင်သည့် အုပ်ချုပ်ရေး အာဏာအပြည့်အဝရှိသော ကြားဖြတ်အစိုးရဖွဲ့စည်းရေးပင်ဖြစ်သည်။ ဆီးရီးယားပဋိပက္ခကို စစ်ရေးအရ ဖြေရှင်းရန် မပြုသင့်ကြောင်းကိုလည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ထပ်မံပြောကြားလိုက်သည်။ ဆီးရီးယားအတိုက်အခံအုပ်စုများကလည်း သမ္မတ အာဆတ်၏ အစီအစဉ်ကို လက်မခံဘဲ ပယ်ချသည်။ သမ္မတ အာဆတ်ရာထူးမှ ဖယ်မပေးမချင်းမည်သည့်အစီအစဉ်ကိုမျှ လက်မခံဟုဆိုသည်။ အတိုက်အခံ ဆီးရီးယားအမျိုးသား ကောင်စီအကြီးအကဲ ဂျော့ဆာကာရာက သမ္မတအာဆတ်သည် ပြဿနာတစ်ခုလုံး၏ မဏ္ဍိုင်ဖြစ်သည်။ သူရာထူးမှမထွက်မချင်း မဆွေးနွေးနိုင်ဟု ပြောဆိုသည်။ အလားတူပင် ဆီးရီးယား အမျိုးသားညွန့်ပေါင်းအဖွဲ့ခေါင်းဆောင် အယ်လ်မာမီကလည်း ဆီးရီးယားပြည်သူတို့က မည်သည့် တွေ့ဆုံဆွေးနွေးမှုကိုမဆို ငြင်းပယ်ကြောင်း ဆီးရီးယားပြည်တွင်းအခြေအနေက သမ္မတ အာဆတ်အတွက် ပိုမိုကျပ်တည်းလာသည့်အတွက်သာ ယခုကဲ့သို့ သမ္မတအာဆတ်က ကမ်းလှမ်းလာခြင်းဖြစ်သည်ဟု ပြောကြားလိုက်သည်။ ဆီးရီးယားအကျပ်အတည်း ဖြေရှင်းရေးအတွက် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်က ဆီးရီးယားဆိုင်ရာ ကုလသမဂ္ဂနှင့် အာရပ်အဖွဲ့ချုပ်တို့၏ အထူးသံတမန်တာဝန်ကို စတင်ယူခဲ့ပြီး အချက်ခြောက်ချက်ပါ အစီအစဉ်ဖြင့် ကြိုးစားသော်လည်း မအောင်မြင်သဖြင့် ငါးလခန့်အကြာတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန် တာဝန်ပြန်အပ်ခဲ့ချိန်တွင် ဥရောပသမဂ္ဂ (အီးယူ)က စိတ်ပျက်မိပြီး ဆီးရီးယားအရေးကို နိုင်ငံရေးအရ ဖြေရှင်းရေးအစားထိုး၍ အထူးသံတမန်ခန့်အပ်ရန် တိုက်တွန်းခဲ့သည်။ ကိုဖီအာနန်အစား ဘရာဟီမီ တာဝန်ယူပြန်သည်။ လိပ်ခဲတည်းလည်းပါတည်း။ နိုင်ငံတကာနှင့်တကွ အတိုက်အခံများက လက်မခံနိုင်သည့် သမ္မတ အာဆတ်၏ အစီအစဉ်ကို အကောင်အထည်ဖော်ရန် ဆီးရီးယားအစိုးရအဖွဲ့က ဒမတ်စကတ်၌ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၈ ရက်က အစည်းအဝေးပြုလုပ်နေသည်။ ထိုအချိန်တွင် တူရကီနိုင်ငံဘက်က နယ်စပ်တစ်လျှောက် နေတိုး၏ ပက်ထရီယော့ ဒုံးပျံများ ဖြန့်ကြက်နေသည်ကို ကြားသိနေရပါသည်။ ။

နယ်သာလန်နှင့် ဂျာမနီတပ်ဖွဲ့ဝင်များ တူရကီသို့စတင်ရောက်ရှိလာ

နယ်သာလန်နှင့် ဂျာမနီတပ်ဖွဲ့ဝင်များသည် ဆီးရီးယားနယ်စပ်တစ်လျှောက် ဖြန့်ကြက်ချထားသော နေတိုးပက်ထရီယော့ဒုံးခွင်းဒုံးများအား ကိုင်တွယ်ရန်အတွက် တူရကီနိုင်ငံသို့ ရောက်ရှိလာကြောင်း ဇန်နဝါရီ ၈ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။ တူရကီအရှေ့ပိုင်း အင်စီရာလစ် လေတပ်အခြေစိုက်စခန်းသို့ ဂျာမနီတပ်ဖွဲ့ဝင် ၂၀ နှင့် ဒတ်ချ်တပ်ဖွဲ့ဝင် ၃၀ ရောက်ရှိလာသည်။ အမေရိကန်၊ နယ်သာလန်နှင့် ဂျာမနီတို့သည် အဆိုပါ တူရကီ-ဆီးရီးယားနယ်စပ်တွင် နေတိုးစစ်ဌာနချုပ်အောက်၌ ဒုံးခွင်း ဒုံးနှစ်ခုစီ ဖြန့်ကြက်ကူညီပေးရန် သဘောတူညီထားကြသည်။ ဇန်နဝါရီလအတွင်း ဒတ်ချ်တပ်ဖွဲ့ဝင် ၂၇၀ နှင့် ဂျာမနီတပ်ဖွဲ့ဝင် ၃၅၀ ထပ်မံရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

အာဖဂန်၌ ဗြိတိသျှတပ်ဖွဲ့ဝင် ၄၃၉ ဦး သေဆုံး

၂၀၀၁ ခုနှစ်က အမေရိကန်ဦးဆောင်လျက် အာဖဂန်ကို ကျူးကျော်တိုက်ခိုက်ခဲ့ပြီးနောက် အာဖဂန်၌ သေဆုံးသွားသော ဗြိတိသျှတပ်ဖွဲ့ဝင် ၄၃၉ ဦးအထိ ရှိသွားပြီဖြစ်ကြောင်း၊ ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး အတွင်းလူတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

အဆိုပါ တပ်ဖွဲ့ဝင်သည် အပြာရောင်ပေါ်က အစိမ်းရောင်ဟုခေါ်သော ဟယ်လ်မန့်ပြည်နယ်တောင်ပိုင်း၌ ဇန်နဝါရီ ၇ ရက်က အာဖဂန်တပ်ဖွဲ့ဝင်တစ်ဦး၏ တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသည်ဟု နေတိုးတပ်ဖွဲ့၏ ကြေညာချက်တွင် ဖော်ပြသည်။ ယင်းတပ်ဖွဲ့ဝင်သည် နှစ်ဝင်ဘာလအတွင်း အာဖဂန်၌ ပထမဆုံး သေဆုံးခဲ့ရသော ဗြိတိသျှတပ်ဖွဲ့ဝင်သည်။

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၃)ဖြင့် မန္တလေးမြို့ အေးအေးခိုင် ကျောက်မျက်ကုမ္ပဏီဥက္ကဋ္ဌ **သုဓမ္မမဏိဇောတဓရ ဦးစိုးနိုင်**အား သာသနာတော်ဆိုင်ရာ **သီဟသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်ထပ်ဆင့် ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ရပါကြောင်း။

ချစ်ဇနီး-ဒေါ်အေးအေးခိုင်
ချစ်သမီးကြီး-မယမင်းကေခိုင်
ချစ်သမီးငယ်-မမျိုးမြတ်မြတ်စိုး

ဖာတာနှင့် ဟားမတ်စ်ခေါင်းဆောင်နှစ်ဦးအကြား အီဂျစ်သမ္မတ ကြားဝင်စေ့စပ်ပေး

အီဂျစ်သမ္မတမော်စီသည် ဖာတာနှင့် ဟားမတ်စ်ခေါင်းဆောင် နှစ်ဦးအကြား ၂၀၀၁ ခုနှစ်ကချုပ်ဆိုထားသော စည်းလုံးညီညွတ်ရေးစာချုပ် အကောင်အထည်ဖော်ဆောင်ရန်အတွက် ကိုင်ရိုမြို့၌ တွေ့ဆုံကာ ကြားဝင်စေ့စပ်ပေးမည်ဖြစ်ကြောင်း ဇန်နဝါရီ ၉ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ပါလက်စတိုင်းခေါင်းဆောင်လည်းဖြစ် ဖာတာပါတီ ခေါင်းဆောင်လည်းဖြစ်သည့် မာမွတ်နှင့် ဟားမက်စ်အဖွဲ့ ခေါင်းဆောင် ခါလက်မက်ရှာအယ်တို့အကြား အဆိုပါ စာချုပ်ချုပ်ဆိုရေးတွင် အီဂျစ်က ကြားဝင်ကူညီပေးခဲ့သည်။ ပါလက်စတိုင်းနှင့် ဟားမတ်စ် ခေါင်းဆောင်တို့သည် ဇန်နဝါရီ ၉ ရက်တွင် သမ္မတမော်စီနှင့်မတွေ့မီ အီဂျစ်ထောက်လှမ်းရေး အကြီးအကဲနှင့် တွေ့ဆုံခဲ့ကြသည်။

မြင့်မောင်စိုး - စုစည်းသည်။

ပြည်တွင်းသတင်း

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဟန်ဂေရီနိုင်ငံလွှတ်တော်ရေးရာဝန်ကြီး မစ္စတာဆော့လ်နီမန့်သ်နှင့်အဖွဲ့အားလက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၀

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဟန်ဂေရီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ လွှတ်တော်ရေးရာဝန်ကြီး မစ္စတာဆော့လ်နီမန့်သ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော်ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးဆိုင်ပေါင်းနပ်၊ ဗိုလ်မှူးကြီးမောင်မောင်ထူး၊ ဒေါ်နန်းနီနီအေးနှင့် ဒေါ်ခင်ဝိုင်းကြည်၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ ယင်းသို့တွေ့ဆုံရာ၌ မြန်မာနှင့် ဟန်ဂေရီနှစ်နိုင်ငံအကြား ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ဆက်ဆံရေးအတွက် လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လွှတ်တော်ဝန်ထမ်းများ အရည်အသွေးမြင့်မားရေးအတွက် အတွေ့အကြုံ မျှဝေရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်၏ နောက်ခံသမိုင်းကြောင်းနှင့် ဖြတ်သန်းလာသည့် အတွေ့အကြုံဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်လျက်ရှိသော တိုင်းရင်းသားရေးရာ ကိစ္စရပ်များအပေါ် အပြန်အလှန် ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

မွန်နှင့်ကရင်ပြည်နယ်တို့၌ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိပါက ပြည်နယ်များအတွင်း ဆောင်ရွက်လျက်ရှိသော စက်မှုလုပ်ငန်းများနှင့် စီမံကိန်းလုပ်ငန်းများ ပိုမိုလျင်မြန်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်

နေပြည်တော် ဇန်နဝါရီ ၁၀

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန လျှပ်စစ်စွမ်းအားဦးစီးဌာနနှင့် Myanmar Lighting Manufacturing Co., Ltd. တို့အကြား မော်လမြိုင်၌ သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေး စက်ရုံစီမံကိန်းဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဇန်နဝါရီ ၉ ရက် ညနေ ၆ နာရီခွဲတွင် နေပြည်တော်၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် Myanmar Lighting Manufacturing Co., Ltd. မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက မြန်မာနိုင်ငံသားပိုင် Myanmar Lighting Manufacturing Co., Ltd. က မွန်နှင့် ကရင်ပြည်နယ်တို့၌ ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများကို ပုဂ္ဂလိကပိုင်းအနေဖြင့် လုပ်ကိုင်ရန် အဆိုပြုလာ၍ ဓာတ်အား ပိုမိုဖြန့်ဖြူးနိုင်စေရေး အထောက်အကူဖြစ်စေမည့် Back-up Power ဓာတ်အားထုတ်လုပ်မှုကိုပါ ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန် မူချမှတ်ညှိနှိုင်းခဲ့ကြောင်း၊ မော်လမြိုင်တွင် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းဆောင်ရွက်ပြီးစီးပါက မွန်နှင့်ကရင်ပြည်နယ်တို့၌ လျှပ်စစ်ဓာတ်အားကို ယခုထက် ပိုမိုထုတ်လုပ်ဖြန့်ဖြူးပေးနိုင်တော့မည် ဖြစ်ကြောင်း။



အဆိုပါ ပြည်နယ်များ၌ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိပါက ပြည်နယ်များအတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စက်မှုလုပ်ငန်းများနှင့် စီမံကိန်းလုပ်ငန်းများ ပိုမိုလျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပါက ဒေသတွင်းရှိ တိုင်းရင်းသားပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ ယခုစီမံကိန်းမှထွက်ရှိလာသော လျှပ်စစ်ဓာတ်အားကို ဒေသအတွင်း လုံလောက်စွာ ဖြန့်ဖြူး၍ ပိုလျှံသော ဓာတ်အားများကို နိုင်ငံတော်ဓာတ်အားစနစ်အတွင်းသို့ ထည့်သွင်း၍ နိုင်ငံအတွင်း ဓာတ်အားဖြန့်ဖြူးနိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်သဖြင့် နိုင်ငံအတွက် အကျိုးရမည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်နှင့် Myanmar Lighting Manufacturing Co., Ltd. ဥက္ကဋ္ဌ ဦးစိန်ဝမ်းတို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုး၍ လဲလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)(သတင်းစဉ်)**

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိန်လွင်အား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

နေပြည်တော် ဇန်နဝါရီ ၁၀

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော CHINNERY ASSETS LIMITED သည် ရခိုင်ကမ်းလွန်လုပ်ကွက် အမှတ် AD-6 တွင် 3D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV HAI YANG SHI YOU -720ဖြင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၇ရက်မှ ၃၀ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

3D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်မည့် ဧရိယာတည်နေရာများမှာ Point 1 မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၉ မိနစ် ၄၈ ဒသမ ၈၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၆ မိနစ် ၁၉ ဒသမ ၇၉ စက္ကန့်၊ Point 2 မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၂ မိနစ် ၅၃ ဒသမ ၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၈ မိနစ် ၃၀ ဒသမ ၃၁ စက္ကန့်၊ Point 3 မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၄ မိနစ် ၄၁ ဒသမ ၂၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၇ မိနစ် ၁၅ ဒသမ ၇၆ စက္ကန့်၊ Point 4 မြောက် လတ္တီတွဒ် ၂၀ ဒီဂရီ ၂၀ မိနစ် ၅၆ ဒသမ ၇၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၁ မိနစ် ၄၅ ဒသမ ၃၃ စက္ကန့်၊ Point 5 မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၉ မိနစ် ၁၁ ဒသမ ၂၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၂ မိနစ် ၅၈ ဒသမ ၅၀ စက္ကန့်၊ Point 6 မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၀ မိနစ် ၃၈ ဒသမ ၃၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၄ မိနစ် ၀၄ ဒသမ ၅၃ စက္ကန့်၊ Point 7 မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၉ မိနစ် ၂၆ ဒသမ ၈၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၇ မိနစ် ၅၇ ဒသမ ၆၆ စက္ကန့်၊ Point 8 မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၀ မိနစ် ၀၁ ဒသမ ၃၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၄ မိနစ် ၂၉ ဒသမ ၇၁ စက္ကန့်၊ Point 9 မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၅ မိနစ် ၅၈ ဒသမ ၂၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၈ မိနစ် ၅၉ ဒသမ ၁၇ စက္ကန့်အတွင်းတွင် ဖြစ်သည်။

သို့ဖြစ်ပါ၍ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် AD-6တွင် 3D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV HAI YANG SHI YOU -720 ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၄ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။ **(သတင်းစဉ်)**

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၁၀

မြန်မာဂေါက်သီးရိုက် အသင်းတွင် ဦးသက်နိုင်အုန်း(ဝင်းဝင်း)သည် ကစားဖော်များဖြစ်ကြသော ဦးနေဇင်စိုးတင့်၊ ဦးစိုးငြိမ်းလွင်၊ ဦးဇေသီဟတို့နှင့်အတူ ဇန်နဝါရီ ၉ရက်က မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားကြရာ Maruman No.4 ဘောလုံးကို Taylarmade Iron No.7 တုတ်ဖြင့်ရိုက်လိုက်ရာ ၁၄၂ကိုက်အကွာရှိ ကျင်းအမှတ်(၁၇)တွင် တစ်ချက်တည်း ကျင်းဝင်သွားသည်။ **မြန်မာဂေါက်သီးရိုက်အသင်း**

KS OBD2 Training Center

မော်ဒယ်မြင့်ကားများ စနစ်တကျပြုပြင်နည်းသင်တန်း

အင်ဂျင်ထိန်းချုပ်နည်းစနစ် OBD2, SENSORS, ABS/SRS, EMISSION, TROUBLE CODES, DIAGNOSTIC SCANNER ကိုအခြေခံမှစ၍ စာတွေ့၊ လက်တွေ့ သင်ကြားပေးပါသည်။

၁၇-၁-၂၀၁၃ ရက် အပတ်စဉ်-၃ တန်းခွဲသစ်ဖွင့်မည်။

သင်တန်းအချိန်နှင့်နေ့ရက်

Section (A)- Mon, Wed, Fri — နံနက် ၉ နာရီမှ — လစဉ်တန်းခွဲသစ်
Section(B)-Tue, Thur, Fri — နံနက် ၁၁ နာရီအထိ — များရှိပါသည်။
Section တစ်ခုလျှင် သင်တန်းသားငါးဦးသာ

လိပ်စာ-အခန်းအမှတ် ၀၁-၀၈၊ ပထမထပ်၊ ချမ်းသာပလာဇာ၊ အထက်ပုဇွန်တောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်၊ ဖုန်း-၀၉-၄၂၂၄၄၄၄၆၄၊

သင်တန်းကြေး သုံးသိန်း

ပြည်တွင်းသတင်း

✻ ပြည်ထောင်စုလွှတ်တော် မှ

အခက်အခဲ တစ်စုံတစ်ရာရှိပါက ပြည်ထောင်စုလွှတ်တော် နာယကထံ တင်ပြရန်နှင့် လွှတ်တော်အစည်းအဝေးကာလဖြစ်ပါက လွှတ်တော်သို့ တင်ပြရန် ပြောကြား လိုပါကြောင်းဖြင့်လည်း ပြည်ထောင်စုလွှတ်တော် နာယကက ထည့်သွင်းပြောကြားခဲ့သည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ အမှူးပြုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအတွက် ပေးပို့ထားသည့် ၂၀၁၃ခုနှစ် နှစ်သစ်ကူးသဝဏ်လွှာကို ပြည်ထောင်စုလွှတ်တော် နာယကက ဖတ်ကြားတင်ပြခြင်း၊ လွှတ်တော်က မှတ်တမ်းတင်ခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ ရင်ထိုးတံဆိပ်များ တပ်ဆင်အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း၊ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ယခု လွှတ်တော်သက်တမ်းကာလအတွင်း လွှတ်တော်အစည်းအဝေးတက်ရောက်ခြင်း အပါအဝင် တာဝန်ချိန်များတွင် အဆောင်အယောင်တစ်ခုအနေဖြင့် တပ်ဆင်အသုံးပြုနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရင်ထိုးတံဆိပ်ကို လွှတ်တော်ရုံးအစီအစဉ်ဖြင့် ဆောင်ရွက်ထားရှိပြီး နိုင်ငံတော်သမ္မတရုံးကလည်း လွှတ်တော်ကိုယ်စားလှယ်များ အဆောင်အယောင်တစ်ခုအနေဖြင့် လိုအပ်သလို တပ်ဆင်အသုံးပြုရန် ရင်ထိုးတံဆိပ်များ ပေးပို့ထားကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အဆိုပါ ရင်ထိုးတံဆိပ်များကို တပ်ဆင်အသုံးပြုရန် လွှတ်တော်ကအတည်ပြုခဲ့ကြောင်း သိရသည်။

ထို့ပြင် အာမေးနီးယား သမ္မတနိုင်ငံနှင့် သံတမန်ဆက်သွယ်မှု ထူထောင်ရေးနှင့် စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်က ရှင်းလင်းတင်သွင်းခဲ့သည်။

အာမေးနီးယား သမ္မတနိုင်ငံသည် ကုန်းတွင်းပိတ်နိုင်ငံဖြစ်ပြီး အနောက်ဘက်တွင် တူရကီနိုင်ငံ၊ မြောက်ဘက်တွင် ဂျော်ဂျီယာနိုင်ငံ၊ တောင်ဘက်တွင် အီရန်နှင့် အရှေ့ဘက်တွင် အာဇာဘိုင်ဂျန်နိုင်ငံတို့နှင့် ထိစပ်လျက်ရှိသည်။ နိုင်ငံ၏ အကျယ်အဝန်းမှာ ၂၉၇၄၃ စတုရန်းကီလိုမီတာရှိပြီး ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးသည့် သမ္မတနိုင်ငံဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်သမ္မတ ပေးပို့သော တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီး ခန့်အပ်ခြင်း၊ ပြောင်းလဲတာဝန်ပေးအပ်ခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီး ရာထူးမှနုတ်ထွက်ခွင့်ပေးခြင်း၊ ပြောင်းလဲတာဝန်ပေးအပ်ခြင်းနှင့် ခန့်အပ်တာဝန်ပေးအပ်ခြင်းစသည်တို့နှင့် သက်ဆိုင်သည့် သဝဏ်လွှာများကို မှတ်တမ်းတင်ဆောင်ရွက်သည်။

အဆိုပါ တိုင်းဒေသကြီးဝန်ကြီးများ နုတ်ထွက်ခွင့်ပေးခြင်း၊ ခန့်အပ်တာဝန်ပေးခြင်းတို့နှင့်ပတ်သက်၍ နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

အလားတူ တိုင်းဒေသကြီးနှင့်ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်၊ ကျေးရွာ၊ ကျေးရွာအုပ်စုနယ်နိမိတ်များ တိုးချဲ့ဖွဲ့စည်းခြင်း၊ အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်းစသည့် ဆောင်ရွက်ချက်များကို လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်သည်။

ယင်း ဆောင်ရွက်ချက်များမှာ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် လဟယ်မြို့နယ်တွင် ကျေးရွာတစ်ရွာ တိုးချဲ့ခြင်း၊ ကျေးရွာအုပ်စုနှစ်အုပ်စုနှင့် ကျေးရွာ (၁၈)ရွာ အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း၊နေပြည်တော်ကောင်စီ တပ်ကုန်းမြို့နယ်ကျေးချောင်းကျေးရွာအုပ်စုမှ ဝက်ခြံရိုးကျေးရွာအား သော်တာကျေးရွာအဖြစ် အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း၊ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ပြင်စလူမြို့နယ်ခွဲရှိ ပြင်အလန်းကျေးရွာအုပ်စုအား ပိုးလောင်းကျေးရွာအုပ်စုနှင့် သစ်ပုတ်ကျေးရွာအုပ်စုများအဖြစ် တိုးချဲ့ဖွဲ့စည်းခြင်း၊ ရခိုင်ပြည်နယ် စစ်တွေခရိုင်အား စစ်တွေခရိုင်နှင့် မြောက်ဦးခရိုင်အဖြစ် တိုးချဲ့ဖွဲ့စည်းခြင်း၊ ရှမ်းပြည်နယ်အတွင်း ဟိုပန်ခရိုင်အား ဟိုပန်ခရိုင်နှင့် မက်မန်းခရိုင်အဖြစ် တိုးချဲ့ဖွဲ့စည်းခြင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း နေပြည်တော်ခရိုင်အား နေပြည်တော်မြောက်ပိုင်းခရိုင် (ဥတ္တရခရိုင်)နှင့် နေပြည်တော်တောင်ပိုင်းခရိုင် (ဒက္ခိဏခရိုင်)အဖြစ် တိုးချဲ့ဖွဲ့စည်းခြင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပုလဲမြို့နယ် လယ်ဓမ္မကျေးရွာအုပ်စုအတွင်း ဝမ်းပြင်ကျေးရွာတစ်ရွာ တိုးချဲ့ဖွဲ့စည်းခြင်းတို့ ဖြစ်သည်။

ထို့အတူ နိုင်ငံတော်သမ္မတ၏ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ကျင်းပပြုလုပ်သည့် (၂၁)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့မှု၊ ဘရူနိုင်းဒါရူဆလမ် နိုင်ငံခရီးစဉ်မှတ်တမ်းနှင့်စပ်လျဉ်းသည့် သဝဏ်လွှာများကိုလည်း မှတ်တမ်းတင်ဆောင်ရွက်သည်။

ရှင်းလင်းတင်ပြ

ပြည်ထောင်စု အစိုးရအဖွဲ့က ပေးပို့သော ပဉ္စမကာလတို ငါးနှစ်

ပထမ အကြိမ် ပြည်ထောင်စု လွှတ်တော် ဆဋ္ဌမ ပုံမှန် အစည်းအဝေး တွင် ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ ကံဇော် ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ်ထိ) (မူကြမ်း)နှင့် စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ရှင်းလင်းတင်ပြပြီး ယင်းမူကြမ်းနှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို ဥပဒေကြမ်း ပူးပေါင်းကော်မတီက ရှင်းလင်းတင်ပြသည်။

စီးပွားရေးကဏ္ဍကြီးများ၏ အခြေခံနှစ်ဖြစ်သည့် ၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ်နှင့် နောက်ဆုံးနှစ်ဖြစ်သည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်မည့် ပါဝင်မှုအချိုးအစားများကို နှိုင်းယှဉ်ဖော်ပြလျှင် လယ်ယာကဏ္ဍကြီး၌ ၃၆ ဒသမ၄ ရာခိုင်နှုန်းမှ ၂၈ ဒသမ ၄ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီးကို ၂၆ရာခိုင်နှုန်းမှ ၃၆ ဒသမ ၄ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၃၇ ဒသမ၆ ရာခိုင်နှုန်းမှ ၃၅ ဒသမ၂ရာခိုင်နှုန်းသို့လည်းကောင်း အသွင်သဏ္ဌာန် အသီးသီးပြောင်းလဲဖြစ်ပေါ်ရန် မျှော်မှန်းထားပါကြောင်းနှင့်စီမံကိန်းကာလ ငါးနှစ်အတွင်း ရင်းနှီးမြှုပ်နှံရန် အချိုးအစားအားဖြင့် နိုင်ငံပိုင်အခန်းမှ ၂၂ ဒသမ ၆ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင် အခန်းမှ ၇၇ ဒသမ၄ ရာခိုင်နှုန်း အသီးသီးလျာထားပါကြောင်းဖြင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ထည့်သွင်းတင်ပြခဲ့သည်။

ပဉ္စမကာလတို ငါးနှစ် အမျိုးသားစီမံကိန်းကို စီးပွားရေးမူဝါဒများဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် ကဏ္ဍစုံ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေး၊ စာရင်းဇယားကိန်းဂဏန်းများ တိကျမှန်ကန်ရေးစသည့် မူဝါဒများနှင့်အညီ ရေးဆွဲထားကြောင်း သိရသည်။

အဆိုပါ အမျိုးသားစီမံကိန်းအပေါ် ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်ခင်ဝိုင်းကြည်က "အခုအချိန်ဟာ ထောင်စုနှစ်ရည်မှန်းချက်၊ အာဆီယံရည်မှန်းချက်နဲ့ နိုင်ငံတော်ရဲ့ ရည်မှန်းချက်အကုန်လုံးမှာပါဝင်တဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်ဖို့ အားလုံးညီညွတ်စွာ တိုင်ပင်ဆောင်ရွက်နေတဲ့အချိန် ဖြစ်ပါတယ်။ အားလုံး တက်ညီလက်ညီဆောင်ရွက်သွားကြမယ်ဆိုရင် ဖြစ်နိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ၎င်း၏ အမြင်ကို ပြောပြသည်။

ယခုအကြိမ်ကျင်းပသည့် လွှတ်တော်အစည်းအဝေးတွင်ဘတ်ဂျက်နှင့် အမျိုးသားစီမံကိန်းများကို အဓိကထား ဆွေးနွေးမည့်အကြောင်းနှင့်ပတ်သက်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးက"စီမံကိန်းပေါ် မူတည်ပြီး ဘတ်ဂျက်ကို ရေးဆွဲရတာဖြစ်ပါတယ်။ စီမံကိန်းဆိုရာမှာ ပြည်သူ့အကျိုးစီးပွားကိုဖြစ်စေတဲ့ စီမံကိန်းတွေကို ဦးစားပေးဖို့ဖြစ်တဲ့အတွက် တောင်သူလယ်သမားတွေရဲ့ အကျိုးစီးပွားကို အဓိကထားဖို့လိုပါတယ်။ ဒါကြောင့် အသေးစား၊ အလတ်စား စီမံကိန်းတွေကို ဦးစားပေးဖို့၊ ကုန်ထုတ်လုပ်မှုတိုးတက်ဖို့၊ အလုပ်အကိုင်ရရှိပြီး ဆင်းရဲမှုလျှော့ချဖို့ အစိုးရအနေနဲ့ ဦးစားပေးဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အလုပ်အကိုင် ရရှိဖို့ဆိုရာမှာလည်း စီးပွားရေးလုပ်ငန်းတွေကို ပုဂ္ဂလိကပိုင်အဖြစ် ဆောင်ရွက်ဖို့ အခြေခံအဆောက်အအုံတွေဖြစ်တဲ့ လမ်း၊တံတား၊ ရထား၊ ဆက်သွယ်ရေး အစစအဆင်ပြေဖို့နဲ့ လျှပ်စစ်ကဏ္ဍမှစပြီး ငွေကြေးနှင့်ဘဏ်လုပ်ငန်းတွေအထိ အဆင်ပြေမှသာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေရောက်ရှိပြီး အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ ဒါမှသာ အခြေခံလူတန်းစားတွေရဲ့သားသမီးတွေ ပညာရေးအတွက်လည်း အဆင်ပြေပြီး စီးပွားရေးအဆင်ပြေမှာ ဖြစ်ပါတယ်။ စာတတ်မြောက်မှုနှုန်း မြင့်မားဖို့လိုပါတယ်။ လယ်သမားတွေရဲ့ ထွက်ကုန်တွေ အချိန်မီဈေးကွက်ရောက်အောင် ရိတ်သိမ်းမှု နည်းပညာတွေ၊ ရိတ်သိမ်းချိန်လွန်ကိစ္စတွေနဲ့ ဈေးကွက်ရှာဖွေဖို့ကို အစိုးရက အရေးတကြီး ဆောင်ရွက်ပေးဖို့ဖြစ်ပါတယ်" ဟု ပြောပြခဲ့သည်။

အလားတူ ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့သော ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ဖတ်ကြားတင်သွင်းသည်။

ထိုသို့ တင်သွင်းရာ၌ စုစုပေါင်း အသုံးပြုသော လျှပ်စစ်ဓာတ်အားကို ကီလိုဝပ်နာရီသန်း ၁၃၃၃၅ သုံးစွဲနိုင်ရန်နှင့် နိုင်ငံပိုင်အခန်းမှ ကီလိုဝပ်နာရီသန်း ၈၇၁၇၊ သမဝါယမအဖွဲ့အစည်းကဏ္ဍမှ ကီလိုဝပ်နာရီသန်း ၃၀၀၂၊ ပုဂ္ဂလိကပိုင်အခန်းမှ ကီလိုဝပ်နာရီသန်း ၁၆၁၆ သုံးစွဲနိုင်ရန် ရည်မှန်းထားပါကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် လျှပ်စစ်မီးလင်းသည့် မြို့ပေါင်း ၄၈၅မြို့၊ ကျေးရွာ ၄၀၈၁ရွာအထိ ရှိလာမည်ဖြစ်ကြောင်းဖြင့် ထည့်သွင်းတင်သွင်းခဲ့သည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းများအပေါ် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များနှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့်သဘောထားမှတ်ချက်များကို ဥပဒေကြမ်းပူးပေါင်းကော်မတီက ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်ကျင်းပမည်

ယနေ့အစည်းအဝေးကို အစီအစဉ် (၂၃)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ဇန်နဝါရီ ၁၄ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့်သင်တန်းသားများ လွှတ်တော်သို့လာရောက်ကြည့်ရှုလေ့လာ

နေပြည်တော် ဇန်နဝါရီ ၁၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး၊ အုပ်ချုပ်သူ/နည်းပြများနှင့် စည်းရုံးရေးမွမ်းမံ သင်တန်းသား စုစုပေါင်း ၈၂ ဦးတို့သည် ယနေ့ နံနက် ၁၀ နာရီတွင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပနေပုံကို လေ့လာပြီး **(ယာပုံ)** လွှတ်တော်အဆောက်အအုံများသို့ လှည့်လည်ကြည့်ရှု၍ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သက်ကြီးဂီတပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၀

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ တတိယအကြိမ်မြောက် သက်ကြီးဂီတပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲကို ယနေ့နံနက် ၉ နာရီတွင် တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် မဟာသန္တိသုခကျောင်းတော်ကြီး၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် ညွှန်ကြားရေးမှူးများ၊ အသင်းအဖွဲ့အသီးသီးမှ ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးများ၊ မြို့နယ်ဂီတအစည်းအရုံးဝင်များ၊ အလွှာခြောက်လွှာမှ ဂီတပညာရှင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးတင်ဦးလေးက မုဒိတာစကားပြောကြားပြီး အလှူရှင်များ၏ အလှူငွေများကို လက်ခံသည်။

ထို့နောက် သက်ကြီးဂီတပညာရှင် ၅၇ဦးတို့၏ ကိုယ်ရေးမှတ်တမ်းအကျဉ်းကိုဖတ်ကြားပြီး သက်ကြီးဂီတပညာရှင်ကြီးများအား အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းကြကာ သက်ကြီးဂီတပညာရှင် စန္ဒရား ဦးစိန်သောင်းက ဩဝါဒစကား ပြောကြားသည်။

လှူဒါန်း

အဆိုပါ သက်ကြီးဂီတပညာရှင်ကြီးများအား ပူဇော်ပွဲတွင် အလှူရှင်များ၏ စုပေါင်းလှူဒါန်းငွေမှာ ငွေကျပ် ၁၃၅၁၈၁၀၀နှင့် အမေရိကန်ဒေါ်လာ ၁၀၀ ဖြစ်ပြီး သက်ကြီးဂီတပညာရှင် ၅၇ ဦးတို့အား တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းနှင့် ဆေးဝါးများ လှူဒါန်းနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အောင်သာ အလကသို့ ကွန်ပျူတာတစ်စုံပေးအပ်လှူဒါန်း

ပျော်ဘွယ် ဇန်နဝါရီ ၁၀

ပျော်ဘွယ်မြို့ အခြေခံပညာ အလယ်တန်းကျောင်း (အောင်သာ)မှ ကျောင်းသား ကျောင်းသူများ ပညာအရည်အချင်း တိုးတက်မြင့်မားရေးအတွက် ကွန်ပျူတာတစ်စုံပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၉ ရက် မွန်းလွဲ ၂ နာရီက အဆိုပါ ကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင်များကိုယ်စား ၎င်းတို့၏ အစ်ကိုဖြစ်သူ ဦးသောင်းထိန်က လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ခေတ္တစင်ကာပူနိုင်ငံနေ အလှူရှင် ဦးငြိမ်းချမ်း-ဒေါ်တင်တင်အေး၊ သားများဖြစ်ကြသော မောင်စိုးပိုင်ထူး၊ မောင်ဟိန်းထက်အောင် မိသားစုက ပေးပို့လှူဒါန်းသော ငွေကျပ် ခုနစ်သိန်းတန်ဖိုးရှိ DELL အမျိုးအစား ကွန်ပျူတာတစ်စုံကို အလှူရှင်များ ကိုယ်စား အစ်ကိုများဖြစ်ကြသော ပျော်ဘွယ်မြို့နေ ဦးသောင်းစိန်၊ ဦးသောင်းထိန်၊ ဦးသောင်းရှိန်ညီအစ်ကိုတို့က ပေးအပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးက လက်ခံယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံအထက်ပိုင်းဒေသများ ဆက်လက်အအေးပိုနေမည်

နေပြည်တော် ဇန်နဝါရီ ၁၀

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့်ကချင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှ အပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ လွိုင်လင်မြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၊ ပင်လောင်းမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီ၊ လားရှိုးမြို့၊ မိုးကုတ်မြို့နှင့် ဂွမြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့ မြန်မာစံတော်ချိန် ၆နာရီခွဲအချိန် တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီဖြစ်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ဆက်လက်အအေးပိုနေမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။ **ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ အများအားဖြင့် သာယာမည်။

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၄ ခုနှစ် နတ်တော်လကွယ်နေ့
(ဥပုသ်နေ့)
၁၁-၁-၂၀၁၃ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀ နံနက်ခင်းသတင်း
၈း၄၀ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်း တရားတော်

ညပိုင်း

၄း၀၀ စစ်ချီတေး၊ စစ်သည်တေး
၄း၄၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြုများ)(ရူပဗေဒ)
၅း၃၀ အိန္ဒိယရုပ်ရှင်
၆း၀၀ ညနေခင်းသတင်း
၆း၁၅ မိုးလေဝသအခြေအနေ
၆း၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ
၇း၀၀ ပြည်တွင်းသတင်း
၇း၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ
၈း၀၀ ပြည်တွင်းသတင်း
နိုင်ငံတကာသတင်းများ
မိုးလေဝသအခြေအနေ
၁၀း၀၀ ပြည်တွင်းသတင်း
- **မိုခိုရာ** (သီချင်း)
သီတာသိမ့်၊ကောင်းဆက်ထူး၊ နေရှိန်းအောင်၊ ပေါ်လေး၊ ပိစိ၊ ဇွန်ခြူးအိမ် (ဒါရိုက်တာ-ရွှေစင်မင်း)

ပြည်တွင်းသတင်း

▲ **ရှေ့ဖုံးမှ**

ထို့နောက် မြန်မာနိုင်ငံ အမျိုးသား အားကစားကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အဖွင့်အမှာစကားပြောကြားပြီး ကမ္ဘာ့မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အရှေ့တောင်အာရှမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Sanguan Kosavinta နှင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်ရွှေတို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ကမ္ဘာ့မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Sanguan Kosavinta၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌနှင့် အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူး Major Baharuddin Jamil တို့က ပဉ္စမအကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အကြိုဆန်းစစ် မြားပစ်ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညွန့်ထွန်းက ပြိုင်ပွဲဝင်အသင်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ပြိုင်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်များပေးအပ်ရာ ပြိုင်ပွဲဝင်အသင်းများမှ တာဝန်ရှိသူများက လက်ခံကြပြီး အားကစားကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားကြသည်။

ယင်းနောက် နေပြည်တော် အမှတ် (၁၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ချန်ပီယံမြန်မာအကဖြင့် ပညာရေး၏ အမှတ်တံဆိပ်ဖြစ်သည့် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဟူသော သုံးနားညီတြိဂံနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစက်ဝိုင်းပုံကိုလည်းကောင်း၊ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပသည့် ၂၀၁၃ ခုနှစ်ကိုလည်းကောင်း၊ မြားပစ်ပြိုင်ပွဲကို ဂုဏ်ပြုသည့်အနေဖြင့် လေးနှင့်မြားပုံသဏ္ဌာန်ကိုလည်းကောင်း သရုပ်ဖော်ပြသ တင်ဆက်ဖျော်ဖြေကြသည်။

ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက လေးတော်တင်အကဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်မှ ဝူရှူးအားကစားသမားများက ဝူရှူးအကဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ အားကစားသမားများက တစ်ဦးချင်းနှင့် အဖွဲ့လိုက် သရုပ်ပြခြင်းခတ်ခြင်းဖြင့်လည်းကောင်း ပညာရည်ပြည့်ဝစွာဖြင့် ရင်သပ်ရှုမောဖွယ် ဖျော်ဖြေတင်ဆက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါပဉ္စမအကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အကြိုဆန်းစစ် မြားပစ်ပြိုင်ပွဲကို ဇန်နဝါရီ ၁၃ ရက်အထိကျင်းပသွားမည်ဖြစ်ပြီး အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နှင့်မြန်မာအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပြိုင်ပွဲတွင် Recurve အမျိုးသားတစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲ၊ Recurve အမျိုးသမီးတစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲ၊ Compound အမျိုးသားတစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲ၊ Compound အမျိုးသမီးတစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲ၊ Recurve အမျိုးသားအသင်းလိုက် အမှတ်ပေးပြိုင်ပွဲ၊ Recurve အမျိုးသမီးအသင်းလိုက် အမှတ်ပေးပြိုင်ပွဲ၊ Compound အမျိုးသားအသင်းလိုက်အမှတ်ပေးပြိုင်ပွဲ၊ Compound အမျိုးသမီးအသင်းလိုက်အမှတ်ပေးပြိုင်ပွဲ၊ Recurve အမျိုးသားတစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲ၊ Recurve အမျိုးသမီးတစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲ၊ Compound အမျိုးသားတစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲ၊ Compound အမျိုးသမီးတစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲ၊ Recurve အမျိုးသားအသင်းလိုက် ရှုံးထွက်ပြိုင်ပွဲ၊ Recurve အမျိုးသမီးအသင်းလိုက် ရှုံးထွက်ပြိုင်ပွဲ၊ Compound အမျိုးသားအသင်းလိုက် ရှုံးထွက်ပြိုင်ပွဲ၊ Compound အမျိုးသမီးအသင်းလိုက် ရှုံးထွက်ပြိုင်ပွဲ၊ Recurve Mix Team ရှုံးထွက်ပြိုင်ပွဲ၊ Compound Mix Team ရှုံးထွက်ပြိုင်ပွဲများပါဝင်ပြီး ဆုတံဆိပ်များအဖြစ် ပြိုင်ပွဲအမျိုးအစားအလိုက် ရွှေတံဆိပ် ၁၈ ခု၊ ငွေတံဆိပ် ၁၈ ခု၊ ကြေးတံဆိပ် ၁၈ ခု ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဟန်ဂေရီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ လွှတ်တော်ရေးရာဝန်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၀

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဟန်ဂေရီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ လွှတ်တော်ရေးရာဝန်ကြီး မစ္စတာဆော့လ်နီမန့်သ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံလွှတ်တော်များအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံပြည်သူများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ကော်မတီအတွင်းရေးမှူးများဖြစ်ကြသည့် ဒေါက်တာစိုးရင်နှင့် ဦးကိုကိုထွန်း၊ ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်းနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ဟန်ဂေရီနိုင်ငံ သံအမတ်ကြီး H.E.Mr.Denes TOMAJ လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

မြန်မာ-ဟန်ဂေရီ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စများဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၀

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဟန်ဂေရီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ လွှတ်တော်ရေးရာဝန်ကြီး မစ္စတာ ဆော့လ်နီမန့်သ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး ဧည့်ခန်းမ၌လာရောက်တွေ့ဆုံ၍ **(အောက်ပုံ)** နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စများကို ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။ **(သတင်းစဉ်)**

ရင်းရင်းနှီးနှီးနှုတ်ဆက်

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ဟန်ဂေရီနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ လွှတ်တော်ရေးရာ ဝန်ကြီး မစ္စတာ ဆော့လ်နီမန့်သ်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

❀ **ကျောဖုံးမှ**

၁၉၀၁၄ ခန်းခန့် ရှိနေသည်။

မြန်မာနိုင်ငံတွင် ခရီးသွားဧည့်သည်များအတွက် ဟိုတယ်၊ မိုတယ်နှင့် အင်းစသည့်အခန်းများ လိုအပ်မှုရှိနေဆဲဖြစ်သည်။ ထို့အတူ ဟိုတယ်နှင့်အခန်းများ အဆင့်မြှင့်တင်မှု၊ အသစ်တည်ဆောက်မှုနှင့် ခရီးသွားများအား ဆွဲဆောင်နိုင်သည့် နေရာသစ်များ ဖန်တီးပေးနိုင်မှုများလည်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန် စီစဉ်ထားသည်။

မြန်မာနိုင်ငံသည် ၂၀၁၃ ခုနှစ်တွင် ခရီးသွားဧည့်သည်လာရောက်မှု စံချိန်တင်နိုင်မည့် အခြေအနေများရှိနေရာ ကမ္ဘာ့နိုင်ငံများအနက် ခရီးသွားဧည့်သည်များလာရောက်လိုသော နိုင်ငံ ၁၀ နိုင်ငံစာရင်းတွင် မြန်မာနိုင်ငံလည်း ပါဝင်လာနိုင်မည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၁-၂၀၁၃ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာရှေ့ဖုံးတွင် ဖော်ပြခဲ့သည့် နိုင်ငံတော်သမ္မတရုံး၏ ၉-၁-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၃) စာပိုဒ်(၁)၌ **စွမ်းအင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (Energy Management Committee)** အစား **စွမ်းအင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (Energy Development Committee)**ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(မြန်မာ့အလင်း)**

မီဒီယာနှင့် လွတ်လပ်မှု၊ လွတ်လပ်မှုနှင့် တာဝန်ယူမှု

ယခုတလော နိုင်ငံပိုင်သတင်းစာများတွင် အသွင်သဏ္ဌာန်နှင့် အနှစ်သာရ ပြုပြင်ပြောင်းလဲရေးသားထုတ်ဝေလာတာ ထင်သာမြင်သာတွေ့လာရသလို စာဖတ်ပရိသတ်ကလည်း သတိထားမိကြသည့်အတွက် နိုင်ငံပိုင်သတင်းစာကို ပိုဖတ်ဖြစ်လာကြသည်။ စိတ်ဝင်စားလာကြသည်။

နိုင်ငံအတွင်း ဖြစ်ပေါ်နေသည့် ပြည်သူတွေသိသင့်သည့် သတင်းများကို ထိထိမိမိ ရေးသားဖော်ပြထုတ်ဝေလာသည့်အတွက် ပြည်သူများလက်ခံသည့် သတင်းစာဖြစ်လာသည်ဆိုက မမှားနိုင်ပေ။

ယနေ့အခါ နိုင်ငံတော်အဆင့်သတင်းကဏ္ဍနှင့်အတူ နိုင်ငံတကာ၊ ပြည်တွင်းရေးရာ၊ အတွေးအမြင်၊ ဆောင်းပါး၊ ကာတွန်း၊ အားကစား၊ အနုပညာ၊ မှုခင်း၊ အခန်းဆက်ဝတ္ထု၊ သာရေး နာရေး လူမှုရေးနှင့်စီးပွားရေးကြော်ငြာများကို ကဏ္ဍစုံလင်စွာဖြင့် တွေ့ရှိရသော်လည်း စာမျက်နှာအခြေအနေအရ ဖော်ပြမှုကဏ္ဍများအားနည်း နေသေးသည့်အတွက် နိုင်ငံပိုင်သတင်းစာဖတ် ပရိသတ်မှာအားမလိုအားမရဖြစ်ရသည်။

စာရေးသူအနေဖြင့် အခါအခွင့်သင့်တုန်း တင်ပြလိုသည်မှာ နိုင်ငံပိုင်သတင်းစာတစ်စောင်ကို ကျပ် ၅၀ ဆိုသည်မှာလည်း ဒီခေတ် ဒီအခါ ဒီနှုန်းထားသည် အင်မတန်ကို နည်းသည့်အတွက်သတင်းစာဈေးနှုန်းကိုပြောင်းလဲသင့်ပါပြီ။

ယနေ့ ပုဂ္ဂလိကမီဒီယာများအနေဖြင့်လည်း ပြုပြင်ပြောင်းလဲမှုများ ရှိနေပြီဖြစ်သည်။ လွတ်လပ်စွာရေးသားဖော်ပြထုတ်ဝေခွင့်တွေ ရနေကြပြီဖြစ်သည်။ မကြာမီကာလတွင် လွတ်လပ်သော ပုဂ္ဂလိကပိုင်နေ့စဉ်ထုတ် သတင်းစာများအပါအဝင် မီဒီယာအများအပြား ပေါ်ပေါက်လာကြတော့မည် ဖြစ်သည်။

ဒီမိုကရေစီအသွင် ကူးပြောင်းရေးဆောင်ရွက်ချိန်တွင် မီဒီယာကဏ္ဍကို ပိုမိုလွတ်လပ်ပွင့်လင်းအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်နှင့်အညီ လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်အပေါ်တွင်လည်း တာဝန်ယူကြရမည်ဖြစ်သည်။

ယခင်က State Media သည် အဓိကအားဖြင့် နိုင်ငံတော်အစိုးရ၏ သဘောထားမူဝါဒများ၊ လုပ်ငန်းဆောင်ရွက်မှုများ၊ ပြည်သူကို ထုတ်ပြန်အသိပေးလိုသော သတင်းအချက်အလက်များကိုသာ ပြည်သူသိရှိအောင် ထုတ်ပြန်ဖော်ပြခဲ့သည်။

ပြည်သူ့အခြေပြု သတင်းအချက်အလက်များဖြစ်သည့် ပြည်သူ့လိုလားချက်ဆန္ဒများ၊ ပြည်သူ့သဘောထားတုံ့ပြန်ချက်များ၊ ဝေဖန်ထောက်ပြအကြံပြုချက်များကိုမူ ရေးသားဖော်ပြမှုအားနည်းခဲ့သည်။

"စတုတ္ထမဏ္ဍိုင်ဖြစ်သည့် စာနယ်ဇင်းများ၏အခန်းကဏ္ဍကို အလေးထားဖို့လိုကြောင်း၊ စာနယ်ဇင်းများက အပြုသဘောဆောင်တဲ့ အကြံပြုချက်များကိုလည်း အလေးထားဖို့လိုကြောင်းကို နိုင်ငံတော်အစိုးရသစ် စတင်တာဝန်ယူသည့် ၂၀၁၁ ခုနှစ် မတ်လ ၃၁ ရက်နေ့က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ မူဝါဒမိန့်ခွန်းမှာ ပြောကြားလမ်းညွှန်ခဲ့သည်။

ဤသည်မှာ သတင်းမီဒီယာများအပေါ် ထားရှိသည့် နိုင်ငံတော်အစိုးရ၏ မူဝါဒသဘောထားဖြစ်သလို စာနယ်ဇင်းများ၏ အပြုသဘောဆောင် ဝေဖန်အကြံပြုရေးသားချက်များကို လက်ကမ်းဖိတ်ခေါ်ခြင်းလည်းဖြစ်သည်။

အနာဂတ် ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ကြရာမှာ ဒီမိုကရေစီကို မှန်မှန်ကန်ကန်နှင့် အနှစ်သာရရှိရှိကျင့်သုံးနိုင်ဖို့အတွက် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် စာပေစာနယ်ဇင်းများကလည်း ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်သုံးရပ်ကို ထိန်းကျောင်းတည့်မတ်ဖို့လိုသလို ပဉ္စမမဏ္ဍိုင်ဖြစ်သည့် ပြည်သူများကိုလည်း အသိပညာပေးကြရမှာဖြစ်သည်။

အဆိုပါ တာဝန်တွေကို အောင်မြင်အောင် ထမ်းဆောင်နိုင်ရန်အတွက် စာပေစာနယ်ဇင်း စတုတ္ထမဏ္ဍိုင်သည်လည်း ကိုယ်တိုင်အရည်အသွေးရှိပြီး စစ်မှန်သည့် စတုတ္ထမဏ္ဍိုင်ဖြစ်ရပါမည်။

စစ်မှန်သည့် စတုတ္ထမဏ္ဍိုင်ဖြစ်ဖို့အတွက် စာပေစာနယ်ဇင်းများ၊ မီဒီယာများက ဘက်မလိုက်ဖို့ အရေးကြီးသည်။ ပြည်သူတွေ မှန်မှန်ကန်ကန်သုံးသပ်ဆုံးဖြတ်နိုင်အောင် ရှုထောင့်တစ်ခုတည်းက မရေးသားဘဲဘက်စုံထောင့်စုံက ရေးသားဖော်ပြကြရန် လိုအပ်ပြီး ဒီလိုရေးသားကြရာမှာလည်း လွတ်လပ်မှုနဲ့ တာဝန်ယူမှု၊ လွတ်လပ်မှုနဲ့ ဆင်ခြင်တုံတရားတို့ကို အမြဲယှဉ်တွဲ ကျင့်သုံးကြရန်လိုသည်။

ဒီမိုကရေစီခေတ်ဖြစ်တာနဲ့အညီ မိ မိတို့၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်နိုင်သကဲ့သို့ မတူကွဲပြားခွင့်လည်း ရှိပါသည်။

သို့သော် အဆိုပါမတူကွဲပြားသည့်ကြားက တိုင်းပြည်နဲ့ လူမျိုးအကျိုးအတွက် ဦးတည်ရမည်။ ဖော်ဆောင်ရမည်ဖြစ်သည်။ ယင်းကဲ့သို့ ဖော်ဆောင်ကြရာမှာ အမျိုးသားရေးနှင့် အမျိုးသားအကျိုးစီးပွားကို အခြေခံထားရပ်တည်ဖော်ဆောင်ကြဖို့ပဲ ဖြစ်သည်။

အဆိုပါအချက်များသည် ပုဂ္ဂလိကမီဒီယာများအတွက် စစ်မှန်သည့်စတုတ္ထမဏ္ဍိုင်ဖြစ်ဖို့ လိုအပ်သည့်အချက်များဖြစ်သလို State Media များအနေနဲ့ ပြည်သူ့ရေးရာဝန်ဆောင်မှု မီဒီယာအဖြစ် ကူးပြောင်းရာမှာ အခြေခံကျသည့်အချက်များဖြစ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ (၃၅၄) အပိုဒ်ခွဲ(က)အရ "နိုင်ငံသားတိုင်းဟာ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးသို့မဟုတ် ပြည်သူတို့၏ကိုယ်ကျင့်တရားအလို့ငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ဖော်ထုတ်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်" ရှိသည်။

တစ်နည်းအားဖြင့် သတင်းနှင့်စာနယ်ဇင်းသမားများ၊ မီဒီယာများသည် ဥပဒေနှင့်အညီ လွတ်လပ်စွာရေးသားပြောဆိုဖော်ထုတ်ခွင့်ကို ရရှိပြီးဖြစ်သည်။ ရရှိပြီးဖြစ်သည့် လွတ်လပ်စွာရေးသားပြောဆိုဖော်ထုတ်ခွင့်ကို ကျင့်သုံးရာမှာ စာနယ်ဇင်းသမားများ၊ မီဒီယာများအနေနဲ့ စာနယ်ဇင်းကျင့်ဝတ်လို့ခေါ်သည့် ချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းတွေကိုလည်း လိုက်နာစောင့်ထိန်းကြဖို့ အထူးလိုအပ်သလို တာဝန်ယူကြရမည်ဖြစ်သည်။

လွတ်လပ်မှုကို ကျင့်သုံးရာမှာ ကျင့်ဝတ်ကို လိုက်နာထိန်းသိမ်းခြင်း၊ ဆင်ခြင်တုံတရား၊ သတိတရားတို့နှင့် ပေါင်းစပ် ထိန်းညှိခြင်းများလည်း လိုအပ်မှာဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် လွတ်လပ်စွာရေးသားဖော်ပြထုတ်ဝေခွင့်ရရှိနေသည့် မီဒီယာများသည် စစ်မှန်သည့် စတုတ္ထမဏ္ဍိုင်ဖြစ်ရန် "မီဒီယာနှင့် လွတ်လပ်မှု၊ လွတ်လပ်မှုနှင့် တာဝန်ယူမှု"သည် အလွန်အရေးကြီးပြီး စာနယ်ဇင်းနှင့် မီဒီယာအားလုံးက သတိထားရမည့် အချက်ဖြစ်ပါကြောင်း။ **မောင်မောင်သန်း(ကော့မှူး)**

ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော်ကော်မတီများနှင့် ကော်မရှင်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၀

ပြည်သူ့လွှတ်တော်ကော်မတီများနှင့် ကော်မရှင်ဆိုင်ရာလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိခန်းမဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ကော်မတီများနှင့် ကော်မရှင်တို့မှဥက္ကဋ္ဌများ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော် ကော်မတီများမှ ဥက္ကဋ္ဌများက ကော်မတီအလိုက်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက အထွေထွေဆွေးနွေးကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ကော်မတီများနှင့် ကော်မရှင်ဆိုင်ရာလုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် တင်ဒါစိစစ်ရွေးချယ်ရေးဗဟိုအဖွဲ့က စိစစ်ရွေးချယ်ခဲ့သော တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီ/အဖွဲ့အစည်းများမှ လုပ်ငန်းရှင်များအား တွေ့ဆုံပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်သူလူထုအခြေပြု ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာ ဆောင်ရွက်လျက်ရှိ လုပ်ငန်းများကို အစိုးရပိုင်းက ကြီးကြပ်ကွပ်ကဲပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များက ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၀

မိမိတို့ဌာနအနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ငြိမ်းချမ်းရေးအတွက် တည်ဆောက်မှုလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်မှုနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံများ ကောင်းမွန်ရေးဆောင်ရွက်ရာတွင် တိုင်းရင်းသားပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေပြီး ဆင်းရဲနွမ်းပါးမှုများ လျှော့ချနိုင်ရေးအတွက် ဦးတည်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယနေ့နိုင်ငံတော်တွင် ပြည်သူလူထုအခြေပြု ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများကို အစိုးရပိုင်းက ကြီးကြပ်ကွပ်ကဲပြီး ပြည်သူများဖြစ်သည့် ပုဂ္ဂလိကလုပ်ငန်းရှင်များက ပါဝင်ဆောင်ရွက် တာဝန်ယူကြရမည်ဖြစ်ကြောင်း။

နယ်စပ်ရေးရာ ဝန်ကြီးဌာန၏ ပဉ္စမကာလတိုင်းနှစ် အမျိုးသားစီမံကိန်းအရ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လုပ်ငန်းတင်ဒါ အောင်မြင်သော ကုမ္ပဏီ/အဖွဲ့အစည်းများ အနေဖြင့် လုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရေး၊ ပွင့်လင်းမြင်သာစွာ ပူးပေါင်းဆောင်ရွက်ရေး၊ လာဘ်ပေးလာဘ်ယူမှု ကင်းရှင်းအောင် ဆောင်ရွက်ရေးတို့ကို လေးလေးနက်နက် မှာကြားလိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် နည်းပညာဒီဇိုင်းများ စနစ်တကျ အခြေခံဆောင်ရွက်၍ အရည်အသွေးကောင်းမွန်ရေးသည် အဓိကဖြစ်ပြီး ရေရှည်အတွက်မျှော်မှန်း ဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီအတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးက ဇန်နဝါရီ ၉ရက် ညနေ ၃ နာရီတွင် အဆိုပါ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန် တင်ဒါစိစစ်ရွေးချယ်ရေး ဗဟိုအဖွဲ့က စိစစ်ရွေးချယ်ခဲ့သော တိုင်းရင်းသား လုပ်ငန်းရှင် ကုမ္ပဏီ/အဖွဲ့အစည်းများမှ လုပ်ငန်းရှင်များအား တွေ့ဆုံပွဲတွင် ဆွေးနွေးမှာကြားသည်။

ထို့နောက် တင်ဒါစိစစ်ရွေးချယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တင်ဒါစိစစ် ရွေးချယ်ဆောင်ရွက်ခဲ့မှုများ၊ လုပ်ငန်းများ စနစ်တကျ အချိန်မီပြီးစီးရေး၊ အရည်အသွေးကောင်းမွန်ပြီး ရေရှည်တည်တံ့ခိုင်မြဲရေးဆောင်ရွက်ရန် လိုအပ်မှုများကို ရှင်းလင်းဆွေးနွေး တင်ပြသည်။

ဆက်လက်၍ Kol Global ကုမ္ပဏီမှ ဦးတင်မောင်နိုင်က လမ်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ရှိရမည့် အခက်အခဲများအား ဌာနဆိုင်ရာများမှ ကူညီဖြေရှင်းပေးရေး၊ ဧရာရွှေလင်းကုမ္ပဏီမှ ဦးညွန့်လှိုင်က ဝေးလံဒေသရေပေးရေး လုပ်ငန်းများအတွက် မြေပြင်အခြေအနေနှင့် ကိုက်ညီသောပစ္စည်းများ ပြောင်းလဲသုံးစွဲနိုင်ရေးနှင့် အချိန်ကာလ သတ်မှတ်ချက်ညှိနှိုင်းပေးရေး၊ အောင်မြန်မာသမဝါယမအသင်းမှ ဦးဇော်လင်းလွင်က ကျေးလက်မီးလင်းရေးကိစ္စနှင့် ပတ်သက်၍ တိုးချဲ့ဆောင်ရွက်နိုင်မည့် အခြေအနေများအပေါ် အကြံပြုတင်ပြချက်နှင့် Solar Rise ကုမ္ပဏီမှ ဦးကောင်းကျော်က ဒေသအလိုက် စံချိန်စံညွှန်းများ ခွဲခြားသတ်မှတ်ပေးရန် တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်၊ ကွဲလွဲချက်၊ ကွာဟချက်များ မှန်ကန်မှုရှိပါက ပူးပေါင်းဆောင်ရွက်ပေးမည် ဖြစ်ကြောင်း မှာကြားခဲ့သည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် နယ်စပ်ရေးရာဝန်ကြီးဌာနက တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆောင်ရွက်မည့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကုမ္ပဏီအသင်းအဖွဲ့ပေါင်း ၉၇ ဖွဲ့ တင်ဒါဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြရာ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် တော်ဝင်စိုးညွှန့်၊ KZEN၊ Kinetic Art၊ နိုင်မင်း၊ မိဘအိမ်၊ မြင့်မြတ်သောတောင်တန်း၊ Three Friend၊ ဂျူနိဂျိတ်၊ ရွှေလွင်လွင်၊ Soe & Sons၊ Live Door၊ Aroma Rose၊ အောင်သရဖူ၊ အေးကမ္ဘာ၊ တော်ဝင်မြင့်မြတ်သူ၊ Kol Global၊ Steel Stone၊ Great Five၊ ဆန်းမြတ်ထွန်း၊ AMC၊ ရိုးမမြေ၊ TZTN၊ Myanmar P & E၊ ဒေါနငြိမ်းချမ်း၊ ဧရာရွှေလင်း၊ Golden Hours၊ စွမ်းအားပြည့်၊ လက်ာဒီပ၊ ZF၊ ဇွဲ၊ ဟန်စိန်သန့်၊ PSA၊ P + E၊ Solar Rise၊ စက်မှုဝန်ကြီးဌာန၊ အောင်မြန်မာသမဝါယမအသင်း၊ မြင့်မိုရ်လွှမ်း၊ Poly Ice၊ ZWE၊ Myanmar Solar Power၊ Comet Solar၊ ပန်ခွန် Mining၊ Koung Engineering စသည့် ကုမ္ပဏီ ၄၃ ဖွဲ့တို့မှ လမ်း/တံတား၊ ရေပေးရေး၊ ကျေးလက်မီးလင်းရေးနှင့် ကျေးလက်စံပြအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းပေါင်း ၆၇ ခုအတွက် လုပ်ငန်းတန်ဖိုးငွေကျပ် ၃၇၇၆၂ ဒသမ ၃၀သန်းဖြင့် လုပ်ငန်းတင်ဒါ အောင်မြင်ခဲ့ကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများဖြစ်သော 'ဝ'၊ ကိုးကန့်၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ နာဂဒေသများ၏ ကျေးလက်ဒေသလမ်းတံတားနှင့် ရေပေးရေး လုပ်ငန်းများကို ဒေသအုပ်ချုပ်ရေးဦးစီးအဖွဲ့များ၏ အစီအမံဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သော စက်ယန္တရားများကို နယ်စပ်ရေးရာဝန်ကြီးဌာနက ပံ့ပိုးကူညီဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ပြည်သူများသို့ အသိပေးတင်ပြချက်

နေပြည်တော် ဇန်နဝါရီ ၁၀

၁။ ရတနာပုံတယ်လီပို့ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသော 3GUMTS လိုင်းအင်အား ၁၄၆၀၀၀၀ တိုးချဲ့တပ်ဆင်ခြင်းစီမံကိန်းအရ ZTE Corporation မှ ရန်ကုန်နှင့် မန္တလေးမြို့တွင် MGW စနစ်၏ Software Update ပြုလုပ်ခြင်းစသည့် လုပ်ငန်းတို့ကို အောက်ဖော်ပြပါ နေ့ရက်၊ အချိန်များတွင် ပြုလုပ်ဆောင်ရွက်မည်ဖြစ်ပါသည်-

နေ့စွဲ	အကြောင်းအရာ	ဆိုင်းငံ့ချိန်	ဆိုင်းငံ့မည့်နေရာ
၁၂-၁-၂၀၁၃	ရန်ကုန်အလုံ Corenetwork မှ MGW Software Update ပြုလုပ်ခြင်း	နံနက် ၀၁း၃၀ နာရီမှ ၀၁း၄၅ နာရီအထိ ၁၅မိနစ်ခန့်	ရန်ကုန် ZTE ဧရိယာမှ (2G)(3G) မိုဘိုင်းဖုန်းများခေါ်ဆိုမှုပြတ်တောက်ပါမည်။
၁၇-၁-၂၀၁၃	မန္တလေး Corenetwork မှ MGW Software Update ပြုလုပ်ခြင်း	နံနက် ၀၁း၃၀ နာရီမှ ၀၁း၄၅ နာရီအထိ ၁၅မိနစ်ခန့်	မန္တလေး ZTE ဧရိယာမှ (2G)(3G) မိုဘိုင်းဖုန်းများခေါ်ဆိုမှု ပြတ်တောက်ပါမည်။

၂။ သို့ဖြစ်ပါ၍ ရန်ကုန်နှင့်မန္တလေးမြို့တို့တွင် ZTE အမျိုးအစား MGW စနစ်၏ Software Update ပြုလုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် နေ့ရက်၊ အချိန်များတွင် အထက်ဖော်ပြပါအတိုင်း မိုဘိုင်းတယ်လီဖုန်းများသည် နံနက်စောစောပိုင်းအချိန်များတွင် ၁၅ မိနစ်ခန့် ဆက်သွယ်မှုယာယီဆိုင်းငံ့မည်ဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ကေအိုင်အေအဖွဲ့က မြစ်ကြီးနားမှ ပူတာအိုသို့ ကုန်ပစ္စည်းများတင်ပို့သော မော်တော်ယာဉ်များအား နှောင့်ယှက်ဖျက်ဆီးခဲ့ပြီး မြစ်ကြီးနား-ပူတာအို လမ်းပေါ်ရှိ ဘောလီတံတားကိုလည်း မီးရှို့ဖျက်ဆီး

နေပြည်တော် ဇန်နဝါရီ ၁၀

ကချင်ပြည်နယ် ပူတာအိုခရိုင်ရှိ ဒေသခံပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများအတွက် စားနပ်ရိက္ခာများ၊ ဒေသဖွံ့ဖြိုးရေးအတွက် တည်ဆောက်ရေးပစ္စည်းများ ပို့ဆောင်ရန် ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်မှ ယခုနှစ် ဇန်နဝါရီ ၄ ရက်အတွင်း မြစ်ကြီးနားမှ ပူတာအိုသို့ မော်တော်ယာဉ် ၅၄ စီးဖြင့် ကုန်ပစ္စည်းများကို တင်ပို့ပေးခဲ့သည်။

ယင်းမော်တော်ယာဉ်များအနက် ဇန်နဝါရီ ၂ ရက် နံနက် ၁၁ နာရီခန့်တွင် မြစ်ကြီးနား-ဆွမ်ပရာဘွမ်လမ်း မိုင်တိုင်အမှတ်(၉၁)ရှိ ထိန်ဘိုင်ကျေးရွာအနီး၌ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ တည်ဆောက်ရေး ပစ္စည်းများ တင်ဆောင်လာသော ယာဉ်သုံးစီး၊ ဇန်နဝါရီ ၃ ရက်တွင် မိုင်တိုင်အမှတ် (၆၄)တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှဒီဇယ်ဆီ ပီပါ ၆၀ တင်ဆောင်လာသည့် ယာဉ်နှစ်စီး၊ ယင်းနေ့များမှာပင် မိုင်တိုင်အမှတ် (၈၉)နှင့် (၉၁) အကြား၌ ပူတာအိုဒေသတွင် အသုံးပြုရန်အတွက် တင်ဆောင်လာသည့် တည်ဆောက်ရေးပစ္စည်းများ၊ စက်သုံးဆီများနှင့်ဆန်၊ ဆီအပါအဝင် စားသောက်ကုန်များ တင်ဆောင်လာသည့် ယာဉ် ၁၅ စီးတို့အား ကေအိုင်အေအဖွဲ့က တားဆီး၍ ယာဉ်များပေါ်တွင်ပါရှိသည့် ကုန်ပစ္စည်းများကို မီးရှို့ဖျက်ဆီးခဲ့သည်။

ယင်းသို့ နှောင့်ယှက်ဖျက်ဆီးမှုကြောင့် ယာဉ်များပေါ်တွင်ပါရှိသည့် ဘိလပ်မြေ ၈၀ဒသမ ၅တန်၊ သံချောင်း/သံပြား ၁၃ တန်၊ ဒီဇယ်ဆီ ပီပါ ၉၀၊ ဆန် ၁၉၃ အိတ်၊ စားသုံးဆီ နှစ်ပုံးနှင့် စားသောက်ကုန်များမှာ ပျက်စီးဆုံးရှုံးခဲ့သည်။ ထို့အတူ မြစ်ကြီးနား-ဆွမ်ပရာဘွမ်လမ်း မိုင်တိုင်အမှတ် (၁၁၀)ဇနန်းကျေးရွာအနီး အရှည်ပေ ၂၀ ရှိ ဘောလီတံတားကိုလည်း ကေအိုင်အေ အဖွဲ့က မီးရှို့ဖျက်ဆီးခဲ့သဖြင့် တံတားကြမ်းခင်းများအားလုံး မီးလောင်ပျက်စီးသွားခဲ့ကြောင်း သက်ဆိုင်ရာပြည်နယ်မှသတင်းရရှိသည်။

(သတင်းစဉ်)

ကေအိုင်အေအဖွဲ့က နဘား-မြစ်ကြီးနား လူစီးကုန်တင်ရထားကို မိုင်းထောင်ဖောက်ခွဲ

နေပြည်တော် ဇန်နဝါရီ ၁၀

ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းတွင် နဘားမှထွက်ခွာလာသော နဘား-မြစ်ကြီးနား အမှတ် (၄၉)အဆန် လူစီးကုန်တင်ရထားသည် ည ၁၀ နာရီ ၅ မိနစ်တွင် မန္တလေး-မြစ်ကြီးနား ရထားလမ်းဟိုပင်နှင့် နန်းခွင်ဘူတာအကြား မိုင်တိုင်အမှတ် (၆၅၄)၊ ကြေးနန်းခန်းအမှတ် (၁၉)နှင့် (၂၀)အကြားအရောက်၌ ကေအိုင်အေအဖွဲ့ကထောင်ထားသော မိုင်းပေါက်ကွဲမှုကြောင့်လူစီးတွဲ နှစ်တွဲနှင့် ကုန်တွဲတစ်တွဲတို့ လမ်းချော်ခဲ့သည်။ ရှေ့ဆုံးလူစီးတွဲကြမ်းပြင် ပေါက်ထွက်ပြီး အစောင့်လိုက်ပါလာသော ရဲတပ်သားတစ်ဦး မိုင်းဒဏ်ရာရရှိသေဆုံးခဲ့သည်။ ခရီးသည်အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့မှာလည်း တွဲဖြင့်ထိခိုက်မိ၍ ဒဏ်ရာများ ရရှိခဲ့သည်။

၉-၁-၂၀၁၃ ရက်နေ့က ဟိုပင်ဘူတာ၏ မြောက်ဘက် လေးမိုင်ခန့်အကွာ ရထားသံလမ်း၌ မိုင်းပေါက်ကွဲမှုကြောင့် အမှတ် (၄၉) အဆန် ကုန်ရထားတွဲ တွဲချော်တိမ်းစောင်းနေစဉ်။ (သတင်းစဉ်)

မိုင်းပေါက်ကွဲမှုကြောင့် မြေပြင်၌ အချင်း နှစ်ပေခန့်နှင့် အနက်တစ်ပေခန့် ကျင်းတစ်ခုဖြစ်ပေါ်ခဲ့ပြီး ရထားလမ်းပိုင်း ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် မြန်မာ့မီးရထားမှ ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ ကေအိုင်အေအဖွဲ့အနေဖြင့်၂၀၁၁ ခုနှစ်မှစတင်၍ ရထားလမ်းများအား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်မှုများကို စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိရာ ယခုအချိန်အထိ မန္တလေး- မြစ်ကြီးနားရထားလမ်းတွင် မိုင်းထောင်ဖောက်ခွဲမှု (၅၃)ကြိမ် မန္တလေး-လားရှိုးရထားလမ်းတွင်နှစ်ကြိမ် စုစုပေါင်း (၅၅)ကြိမ် ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

မြန်မာနိုင်ငံ၏ ဆန်စပါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်သွားမည်

နေပြည်တော် ဇန်နဝါရီ ၁၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ထိုင်းနိုင်ငံအခြေစိုက် C. P Inter Trade Co., Ltd. ဒုတိယ ဥက္ကဋ္ဌ Mr. Prasit Gamrong Chietanon ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် ဇန်နဝါရီ ၉ ရက် မွန်းလွဲ ၁ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပို့ကုန်/သွင်းကုန်နှင့် ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူလျင်မြန်ချောမွေ့စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ C. P Inter Trade အနေဖြင့် မြန်မာနိုင်ငံတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်လျက်ရှိရာ နည်းပညာလွှဲပြောင်းရေးနှင့် ပို့ကုန်မြှင့်တင်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ဆွေးနွေးပြောကြားသည်။

C. P Inter Trade Co., Ltd. ဒုတိယဥက္ကဋ္ဌ Mr. Prasit Gamrong Chietanon ကလည်း ၎င်းတို့သည် ထိုင်းဆန်များကိုအများဆုံးတင်ပို့သည့် ဦးဆောင်ကုမ္ပဏီတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ဆန်စပါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဆွေးနွေးသည်။ ထို့နောက် ၎င်းတို့ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြသည်။ **(သတင်းစဉ်)**

ကျောင်းသား ကျောင်းသူများအနေဖြင့် သက်ဆိုင်ရာ ဘာသာရပ်များတွင် လက်တွေ့အသုံးချနိုင်သည့်အဆင့်ဖြစ်အောင် ကြိုးစားသင်ယူ

နေပြည်တော် ဇန်နဝါရီ ၁၀

ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာသင်ယူရာတွင် အထူးကြိုးစားလေ့လာသင်ယူကြမှ သာလျှင် သင်တန်းများပြီးဆုံး၍ ဘွဲ့ရရှိချိန်တွင် နိုင်ငံတကာအဆင့်မီနိုင်မည် ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဘာသာရပ်များကို အာရုံစူးစိုက်ကြိုးစားအားထုတ်မှုရှိရမည်ဖြစ်ကြောင်း၊ သင်ခန်းစာများကို အချိန်များများပေး၍ ဆည်းပူးလေ့လာရမည်ဖြစ်ကြောင်းနှင့် ကျန်းမာရေးကိုလည်း ဂရုစိုက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ နောင်အနာဂတ်တွင် မိမိတို့ရည်မှန်းထားသည့် သုတေသနအခြေပြု တက္ကသိုလ်များအဖြစ် တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက ဇန်နဝါရီ ၇ ရက်တွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (ဗဟန်းနယ်မြေ)၌ တက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသားကျောင်းသူများနှင့်တွေ့ဆုံရာတွင် အားပေးစကားပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

တွေ့ဆုံမှာကြား

ဆက်လက်၍ နိုင်ငံတကာအဆင့်မီသင်ရိုးညွှန်းတမ်းများဖြင့် အဆင့်အတန်းမြင့်မားစွာ ပညာသင်ကြားပေးနိုင်ရန်နှင့် အဆင့်မီ သင်ထောက်ကူပစ္စည်းများ၊ လက်တွေ့ပစ္စည်းများဖြင့် လက်တွေ့ကျွမ်းကျင်သော ကျောင်းသားကျောင်းသူများ မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့်လည်း မိမိတို့ကိုယ်ပိုင် အရည်အသွေးကို မြှင့်တင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လည်း ဆရာဆရာမများအား တွေ့ဆုံမှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (ဗဟန်းနယ်မြေ)အတွင်း ကျောင်းသားကျောင်းသူများ လက်တွေ့လုပ်ဆောင်နေမှုများနှင့် စာတွေ့၊ လက်တွေ့ တစ်ပြိုင်နက် ထိထိမိမိသင်ကြားပေးနေမှု၊ ရန်ကုန်နည်းပညာတက္ကသိုလ်၌ ကျောင်းသားကျောင်းသူများအား လက်တွေ့သင်ခန်းစာများ သင်ကြားပေးနေမှု၊ စာသင်ခန်းများနှင့် လက်တွေ့ခန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပထမအကြိမ် ရောဝတီတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၀

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ဇန်နဝါရီ ၉ ရက် နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးဆန်းဆင့်၊ လွှတ်တော်ကိုယ်စားလှယ် ၇၀နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်းသုံးခု မေးမြန်းဖြေကြားခြင်း၊ အစည်းအဝေး ဒုတိယနေ့တွင် တင်သွင်းခဲ့သည့် တိုင်းဒေသကြီး၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းကို ပြန်လည်ပြင်ဆင်ဖြည့်စွက် ရေးဆွဲတင်ပြချက်နှင့် စပ်လျဉ်း၍ ဆွေးနွေးရန် ရက်သတ်မှတ်ကြေညာခြင်း၊ အစည်းအဝေး ပထမနေ့တွင် တင်သွင်းခဲ့သည့် ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများရွေးချယ်ခန့်ထားခဲ့ခြင်းများအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ရက်သတ်မှတ်ကြေညာခြင်း၊ အစည်းအဝေးဒုတိယနေ့တွင် တင်သွင်းခဲ့သည့် အဆိုနှင့်စပ်လျဉ်း၍ ပြန်လည်ဆွေးနွေးဆုံးဖြတ်ရန် အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာခြင်း၊ တိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးပြီးမှသာ တင်ပြဆုံးဖြတ်သွားရန် အတည်ပြုကြောင်း ကြေညာခြင်း၊ တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ (၂/၂၀၁၂) အား ပြင်ဆင်ဖြည့်စွက်သည့် အဆိုကို ပြန်လည်ဆွေးနွေးတင်ပြရန် ရက်သတ်မှတ်ကြေညာခြင်း၊ အစည်းအဝေး စတုတ္ထနေ့တွင် တင်သွင်းခဲ့သည့် အစီရင်ခံစာနှင့်စပ်လျဉ်း၍ တရားဥပဒေနှင့်အညီ ဆောင်ရွက်ရန် အတည်ပြုဆုံးဖြတ်ကြောင်းကြေညာခြင်း၊ အစည်းအဝေး ပထမနေ့တွင် တင်သွင်းခဲ့သည့် အစီရင်ခံစာနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့မှ တစ်လအတွင်း ပြီးပြတ်အောင် ဖြေရှင်းဆောင်ရွက်ရန် အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာခြင်းနှင့် အစီရင်ခံစာများတင်သွင်းခြင်း ဆောင်ရွက်ကြကာ အစည်းအဝေးကို ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

ယာဉ်တိုက်မှု များပြားလာခြင်းနှင့် ဖြည့်စွက်ချက်

ရေးလည်းမထူးသောကြောင့် မရေးတော့ဘူးဟု နေလာခဲ့သည်။ သို့သော်လည်း ဇန်နဝါရီ ၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် အကြောင်းအရာသုံးခု တစ်ပြိုင်နက်ပါလာသောကြောင့် ရေးဖြစ်သွားသည်။

ပါလာသည့်အကြောင်းအရာသုံးခုမှာ ပြည်တွင်းသတင်းနှင့် ဆောင်းပါးအခန်းတွင် ဘကြီးအောင်၏ "နေ့စဉ် ကြားနေမြဲ၊ ကြားနေဆဲအသံ"ဆိုသည့် သတင်းဆောင်းပါး၊ "ရန်ကုန်မြို့တော် အများပြည်သူသယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ ဖွဲ့စည်း"ဆိုသည့်သတင်း၊ "၂၀၁၂ ခုနှစ်တွင် ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူစုစုပေါင်း ၃၀၀၀ ကျော်ရှိ"ဆိုသည့် သတင်းများကြောင့် ကိုယ်တွေ့ဖြစ်ရပ်လေးကို ဖြည့်စွက်ရေးသားလိုက်ရပါသည်။

အဖြစ်က ဒီလိုပါ၊ ရန်ကင်းစာတိုက်ကအပြန် ငွေကျပ်တစ်ရာ၊ တစ်ရာ အော်နေသည့် ဟိုင်းလက်ကားငယ်ကို စီးလာခဲ့မိသည်။ ရန်ကင်းလမ်းမကြီးအတိုင်း အရှိန်နှင့်မောင်းလာစဉ် ရန်ကင်း အထက (၁) ရှေ့ မျဉ်းကျားတွင် ကျောင်းသားလေး တစ်ဦး လမ်းဖြတ်ကူးနေသည်ကို အဝေးကပင် မြင်နေရသည်။ ကျောင်းသားလေးဖြစ်နေမှန်းသိပါလျက်နှင့် ကားကို အရှိန်မလျှော့ဘဲ ကျောင်းသားလေး၏ နောက်ကျောဘက်က ပွတ်ကာသီကာ ကပ်မောင်းပြီး ကျောင်းသားလေးကို ယာဉ်မောင်းကရော ယာဉ်နောက်လိုက်ကပါ ဆဲဆိုကြိမ်းမောင်းကြပါသည်။

"မင်းတို့ ဒီလိုမလုပ်သင့်ဘူး" ဟု ပြောဖို့ ကြံပါသေးသည်။ သို့သော်လည်း အသက်အရွယ်အရရော လူမိုက်ကို ယှဉ်မတုလေနှင့်ဟူသည့် အဆုံးအမကြောင့်ရော မပြောဖြစ်ခဲ့ပါ။ မျဉ်းကျားက သူ့လမ်းသူ ကြိုကြိုတင်တင်ဖြတ်ကူးနေသည့် ကျောင်းသားလေးကို အရှိန်မလျှော့ဘဲ မောင်းနေသည့် သူတို့ကပင် ဆဲလား၊ ကြိမ်းလား လုပ်ကြသေးသည်။

တစ်ခါ ရန်ကင်းစင်တာဘက်မှလာသော ခရီးသည်တင်ဘတ်စ်ကားများသည် ရန်ကင်းလမ်းမဘက်အကွေ့ မီးပွိုင့်တွင် မီးနီနေပါလျက်နှင့် ကားရှင်းလျှင် အကြိမ်ကြိမ်ဖြတ်မောင်းနေကြခြင်း၊ ရန်ကင်းလမ်းမဘက်မှလာသော ကွေ့ကား၏ လမ်းကိုယူပြီးမောင်းခြင်း၊ တည့်တည့်သွားရန် ပေးထားသော ဖရီးဝေးလမ်းကို သွားသလိုနှင့် ရှေ့ကားကိုကျော်တက်ခြင်း၊ ရန်ကင်းလမ်းမဘက် ကွေ့ကြခြင်းများကို အကြိမ်ကြိမ်တွေ့နေရပါသည်။ ခရီးမသွားမဖြစ် သွားနေရသော ဘတ်စ်ကားစီးခရီးသွားများသည် ဘုရားစာကို အားကိုးပြုရွတ်ဆိုကာ သွားနေကြရသည်။

ယခုကဲ့သို့ ယာဉ်တိုက်မှုများတိုးတက်များပြားလာရခြင်း အကြောင်းများကို သတင်းတွင် မောင်ယဉ်ကျေးက ကိုးချက်ထောက်ပြထားသည်။ အားလုံးမှန်ပါသည်။ သို့သော် သူဖော်ပြသည့် ကိုးချက်အနက်မှ "စစ်ဆေးအရေးယူမှု အားနည်းခြင်း"ဆိုသည့်အချက်ကိုမူ ဖြည့်စွက်လိုပါသည်။ ယာဉ်ထိန်းရဲအရေအတွက် အားနည်းခြင်းနှင့် အချို့ယာဉ်ထိန်းရဲများ၏တာဝန်ထမ်းဆောင်မှုအပိုင်းလိုအပ်ချက်တို့လည်းပါဝင်သည်ဟု ဖြည့်စွက်လိုပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ **စိုးဝင်း (ချောက်)**

စာအုပ်စာပေ လှူမိတ်ဆွေ

မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကျင်းပ

မော်လမြိုင် ဇန်နဝါရီ ၁၀

မွန်ပြည်နယ် မော်လမြိုင်လူကုန်ကူးမှုအထူးအဖွဲ့နှင့် နယ်မြေခံရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၅ ရက် နံနက် ၁၀ နာရီက မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းရဲစခန်းနယ်မြေ အောက်ကျင်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ကျင်းပရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ စုစုပေါင်း ၄၀ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် လူကုန်ကူးအထူး (မော်လမြိုင်) ရဲအုပ်အောင်ဝင်းက လူကုန်ကူးမှုဆိုင်ရာ သိကောင်းစရာများနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေအကြောင်းကိုလည်းကောင်း၊ ဒိုင်းဝန်ကွင်းရဲစခန်းမှူး ရဲအုပ်ဝင်းအောင် **(အပေါ်ပုံ)**က မှုခင်းကျဆင်းရေးအကြောင်းကိုလည်းကောင်း၊ ယာဉ်ထိန်းတပ်ဖွဲ့ ဒုတိယရဲအုပ်အောင်နိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းကိုလည်းကောင်း ဟောပြောခဲ့ကြသည်။ ဆက်လက်၍ တက်ရောက်လာသူများအား အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ **(၁၀၇)**

အုတ်တွင်းမြို့နယ်၌ ပင်စင်စားများ Smart Card ဖြင့် လစာထုတ်ယူနိုင်

အုတ်တွင်း ဇန်နဝါရီ ၁၀

အုတ်တွင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် ဇန်နဝါရီ ၇ ရက်မှစ၍ ပင်စင်စားများ E-pension စနစ် Smart Card ဖြင့်ထုတ်ယူနိုင်ပြီဖြစ်သည်။ အဆိုပါ Smart Card ဖြင့် ကိုယ်တိုင်ထုတ်ယူမှု၊ ကိုယ်စားလှယ်ထုတ်ပေးမှုများကို မြို့နယ်ဘဏ်မန်နေဂျာ ဒေါ်အိဖြိုးအောင်က လက်တွေ့ရှင်းလင်းထုတ်ပေးလျက်ရှိရာ ပင်စင်စားများအနေဖြင့် အချိန်ကြာကြာစောင့်ဆိုင်းရန်မလိုအပ်ခြင်းနှင့် လျှောက်လွှာတင်ရန် သီးခြားလာစရာမလိုအပ်ဘဲ ကြိုက်သည့်ရက်ထုတ်ယူနိုင်ပြီဖြစ်၍ ဝမ်းသာပျော်ရွှင်နေကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်တွင်းသတင်း

မြန်မာ့ရွှေလုပ်ကွက်သစ်များ ပေါ်ထွန်းလာ

ရန်ကုန် ဇန်နဝါရီ ၁၀

ဇန်နဝါရီ ၅ ရက်ညပိုင်းက Western Park(II) တွင် ကျင်းပခဲ့သော ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း စတုတ္ထအကြိမ်မြောက် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးသို့ မီဒီယာတစ်ဦးအနေဖြင့် ရောက်ခဲ့သည်။

အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့် အဖွင့်စကားပြောကြားရာတွင် ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်က ရွှေဘိုမြို့ကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့သော အင်အားပြင်း ငလျင်ဒဏ်ကြောင့် သာသနိက အဆောက်အအုံ အတော်များများ ဆုံးရှုံးခဲ့ရခြင်းနှင့်အတူ တနင်္သာရီတိုင်းဒေသကြီးအတွင်း ဝေါချောင်းဒေသ ဘုရားသုံးဆူ၊ကချင်ပြည်နယ် မြစ်ကြီးနား၊ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တာချီလိတ်၊ တာလေတို့တွင် ရွှေလုပ်ကွက်သစ်များပေါ်လာခဲ့ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ယနေ့ ရွှေရောင်းဝယ်မှုကို ပြည်တွင်းသုံးမြန်မာချိန်တွယ်မှုမှသည် နိုင်ငံတကာချိန်တွယ်မှုစံသို့ ပြောင်းလဲကျင့်သုံး၍ နိုင်ငံတကာရွှေအရောင်းအဝယ်ဈေးကွက်သို့ ပို့ဆောင်ပေးနိုင်ရန်အတွက်ကိုလည်း စီစဉ်နေကြောင်းဖြင့်လည်း တရားဝင် ပြောကြားခဲ့သည်။

ထို့အပြင် အမျိုးသားလွှတ်တော် သယံဇာတ ဖော်ထုတ်ရေးကော်မတီက အောက်တိုဘာ ၁၉ ရက်က နေပြည်တော် မဏိရတနာခန်းမတွင် တစ်ကြိမ်၊ ဒီဇင်ဘာ

သတင်းနှင့်ဓာတ်ပုံ အဝယ်တော်ဖိုးထော်

၁၆ ရက်က မြန်မာနိုင်ငံ စက်မှုလက်မှုကုန်သည်ကြီးများအသင်းတွင် တစ်ကြိမ်၊ မြန်မာ့ရွှေကို နိုင်ငံတကာသို့ တင်ပို့ခွင့်ရရန် ဆွေးနွေးမှုများပြုခဲ့ကြောင်း ဥက္ကဋ္ဌ ဦးမျိုးမြင့်က ဆိုခဲ့သည်။

ယခုကဲ့သို့ ပြည်တွင်း၌ ရွှေလုပ်ကွက်သစ်များ မင်္ဂလာရှိစွာ ထပ်မံပေါ်ပေါက်လာခြင်းကြောင့် နိုင်ငံတော်အနေဖြင့် ရွှေထွက်နှုန်းများ ပိုမိုတိုးတက်မြင့်မားလာပြီး နိုင်ငံတကာသို့ တရားဝင် တင်ပို့ခွင့်ရနိုင်ရန် တာဝန်ရှိသူများက ကြိုးပမ်းမှုရှိနေကြောင်း။ ထို့အပြင် ရွှေဈေးကွက်ကို စတော့ရှယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရန် ဆောင်ရွက်မှုများရှိနေပြီး ၂၀၁၅ ခုနှစ်၌ လွတ်လပ်သော အာဆီယံဈေးကွက်စီးပွားရေး အာဆီယံစီးပွားရေးမဟာဗျူဟာသို့ အမီလိုက်နိုင်ရန် ရွှေလုပ်ငန်းရှင်များအား နှိုးဆော်အသိပေး ပြောကြားခဲ့သည်။

"တကယ်တော့ ယနေ့ မြန်မာ့ရွှေဈေးကွက်က ကမ္ဘာ့ရွှေဈေးကွက်ကို မီ၍ ဈေးဖွင့်နေရပြီး မြန်မာ့ရွှေဈေးကျသည့်အချိန်တွင် ကမ္ဘာ့ရွှေအဝင်က များတတ်ကြောင်း" အခမ်းအနားသို့ တက်ရောက်လာသည့် ရွှေလုပ်ငန်းရှင်အမျိုးသမီး တစ်ဦးက ပြောကြားသည်။

အရောင်းအဝယ်သဘောမှာ ရွှေဈေးကျဆင်းလာပါက ဝယ်ယူစုဆောင်းသူများ တတ်ပြီး အတက်ဘက်သို့ ဦးလှည့်သွားပါက အဝယ်ဆိုင်းပြီး ကိုင်ထားသူများက ပြန်သွင်းလေ့ရှိကြောင်း ပုဇွန်တောင်မှ ရွှေလုပ်ငန်းရှင် ဦးအေးချိုက ဆိုခဲ့သည်။

ယနေ့ ဇန်နဝါရီ ၈ ရက်၌ မြန်မာ့ရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သား ငွေကျပ် ၇၅၇၁၀၀ ရှိနေပြီး ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၄၇ ဒေါ်လာ ရှိနေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းရုံးမှ သိရှိရသည်။

ပေါက်မြို့နယ် ယောချောင်း ယာယီကားလမ်းကူးတံတား အခမဲ့သွားလာနိုင်

ပေါက် ဇန်နဝါရီ ၁၀

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ယောချောင်းတွင်ရှိသော အမှတ် (၁) အုန်းတောနှင့် ပုသိမ်-မုံရွာလမ်းပေါ်ရှိ အမှတ် (၂) ရေပြာတံတားကြီးနှစ်စင်းသည် ၂၀၁၁ O_2B မုန်တိုင်း ရေဘေးဒဏ်ကြောင့် မျောပါပျက်စီးခဲ့ရာ ယနေ့အထိ ပြန်လည်တည်ဆောက်နိုင်ခြင်း မရှိသေးကြောင်း သိရသည်။ ဒေသခံများနှင့် ဆိုင်ကယ်ခရီးသွားသူများသည် ရေများချိန်ကာလ၌ စက်တပ်လှေဖြင့်လည်းကောင်း၊ ရေနည်းချိန်၌ ဝါးကပ်တံတားများဖြင့်လည်းကောင်း အခကြေးငွေဖြင့် ဖြတ်သန်းသွားလာရသည်။ မော်တော်ယာဉ်များသည် ကမ်းမဖြူ (ကျောချောင်း) ကို ဖြတ်၍ လမ်းဟောင်းမှ အချိန်စောင့်ဆိုင်းသွားလာရပြီး ရေကြီးချိန်၌ လှေမှောက်၍ ရေမျော၊ သေကျေပျောက်ဆုံးသည်အထိ အခက်အခဲများ ကြုံတွေ့ကာ သွားလာရသည်။

ယခုအခါ ပျက်စီးသွားသော ယောချောင်းတံတားနှစ်စင်းအနီး၌ ယာယီကားလမ်းကူးတံတား **(အောက်ဝဲပုံ)** နှစ်စင်းကို ပေါက်မြို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တည်ဆောက်နေရာ ဇန်နဝါရီ ၇ ရက်မှစ၍ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

အဆိုပါ တံတားများကို ဒေသထွက် သစ်မျောတိုင်များ၊ ရက်မများနှင့် ပြုလုပ်ပြီး ဝါး၊ ဝါးကပ်ခင်း၊ မြေနီခင်း၊ အကျယ် ၁၂ ပေနှင့် တံတားခံနိုင်ဝန် နှစ်တန်အထိရှိကြောင်း၊ အုန်းတော ယာယီတံတားသည် အရှည် ၇၅ ပေ၊ ပေ ၉၀ စီရှိသော တံတားနှစ်စင်းနှင့် ရေပြာ ယာယီတံတားသည် အရှည် ပေ ၄၀၀၊ ပေ ၁၅၀ စီရှိသော တံတားနှစ်စင်းဖြစ်ကြောင်း၊ နှစ်တန်အထိရှိသော မော်တော်ယာဉ်ငယ်များပါ အခမဲ့ ဖြတ်သန်းသွားလာနိုင်ကြောင်း ပေါက်မြို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တာဝန်ရှိသူထံမှ သိရသည်။

အဆိုပါ ယာယီတံတား နှစ်စင်းမှ ဖြတ်သန်းသွားလာရသည့်အတွက် ကမ်းမဖြူ(လမ်းဟောင်း)ထက် သုံးမိုင်ကျော်ပို၍ သက်သာပြီး အကွေ့အကောက်၊ အတက်အဆင်း၊ သဲချောင်းများ ဖြတ်သန်းရမှုနည်းပါးသည်။ ထီးလင်း၊ ကျောက်ထု၊ မတူပီ၊ ပေါက်မြို့နယ် ဒေသခံများသည် ယာယီတံတားများမှ ဖြတ်သန်း၍ ပခုက္ကူ၊ မုံရွာ၊ မန္တလေးမြို့များသို့ အလွယ်တကူ သွားရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **(ဖြိုးစည်သူ)**

ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ ကျင်းပ

မိတ္ထီလာ ဇန်နဝါရီ ၁၀

ဒီဇင်ဘာ ၁ ရက်က ကျရောက်သော ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ပြည်သူလူထုအတွင်း အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါနှင့် ပတ်သက်၍ ပိုမိုသတိပြုသိရှိလာစေရန်နှင့် ကာကွယ်ကုသမှုများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ UNDP ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်၏ ပံ့ပိုးကူညီမှုဖြင့် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန အမျိုးသား ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်နှင့် မိတ္ထီလာခရိုင် အထွေထွေရောဂါကုဆေးရုံကြီးတို့ ပူးပေါင်းကာ ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းက ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မိတ္ထီလာမြို့နယ်အုပ်ချုပ်ရေးမှူး မိတ္ထီလာအမှတ် (၁)တပ်မတော်ဆေးရုံမှ တပ်မှူးကြီး၊ မိတ္ထီလာခုတင် (၂၀၀) အထွေထွေရောဂါကုဆေးရုံကြီးမှ လက်ထောက်ဆေးရုံအုပ်၊ ခရိုင်နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆရာဝန်အသင်း (မိတ္ထီလာ)မှ ဆရာဝန်များ၊ ရောင်ခြည်ဦး PLHA ကွန်ရက်အဖွဲ့ဝင်များ၊ အလှူရှင်များနှင့်ပြည်သူလူထု စုစုပေါင်း ၄၀၀ ကျော် တက်ရောက်ခဲ့ကြသည်။ **တင်မောင် (မန္တလေး)**

ဆိပ်ဖြူမြို့နယ်၌ အရန်သားဖွားဆရာမ သင်တန်းဆင်း

ဆိပ်ဖြူ ဇန်နဝါရီ ၁၀

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ပံ့မှုဖြင့် အရန်သားဖွားဆရာမ သင်တန်း (၁/၂၀၁၂) ဆင်းပွဲကို ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီက ငွေသဲဖြူခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သန်းသန်းချစ်က သင်တန်းပို့ချမှုများနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားကာ သင်တန်းသူ ၂၀ အား သင်တန်းဆင်း လက်မှတ်ပေးအပ်ခြင်း၊ တာဝန်ပေးအပ်ခြင်းနှင့် အရန်သားဖွားဆရာမသုံး (KIT) ပုံးများ ပေးအပ်သည်။ အဆိုပါ သင်တန်းကို စာတွေ့၊ လက်တွေ့ ခြောက်လကြာ လေ့ကျင့်သင်ကြားပို့ချပေးခဲ့ခြင်းကြောင့် ကျေးရွာရှိ ပြည်သူများအနေဖြင့် ကလေးလူကြီးမွေးဖွားမှု သေဆုံးမှုလျော့ကျလာနိုင်ပြီး လမ်းပန်း ဆက်သွယ်ရေး ခက်ခဲသော ကျေးရွာပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု၊ ကျန်းမာရေးလွှမ်းခြုံနိုင်မှုကိုပါ အပြည့်အဝပေးနိုင်မည်ဖြစ်ကြောင်းသိရသည်။ **ကိုမျိုး (ဆိပ်ဖြူ)**

5 SERIES ရုပ်သံလိုင်းတွင် မကြာမီ ပြသတော့မည်။

ကမ္ဘာကျော် အချစ်ဇာတ်လမ်း "ရိုမီယိုနှင့်ဂျူးလီးယက်"ကို အခြေခံပြီး ရေးကိုရီးယား ဂျိုဆောင်ခေတ်နောက်ခံမြို့ ရိုက်ကူး ထားတဲ့ဇာတ်လမ်းတွဲ ဖြစ်ပါတယ်။ တိုင်းရေးပြည်ရေး အရှုပ်အထွေးများကြားက ပေါက်ဖွားလာတဲ့ အချစ်တစ်ခု ရေရှည် တည်မြဲပါ့မလား။ မိဘတွေရဲ့ ရန်ငြိုးများဟာ ချစ်သူနှစ်ဦးကို တကယ်ပဲ ဝေးသွားစေမှာလား။ စစ်မှန်တဲ့ မေတ္တာတရားက အရာရာကို ဘယ်လိုအနိုင်ယူသွားမလဲဆိုတာကို 5 Series ရုပ်သံလိုင်းမှာ စောင့်မျှော်ကြည့်ရှုနိုင်ကြပါပြီ။

ဇန်နဝါရီ (၁၄) ရက်မှစ၍
အပတ်စဉ်
တနင်္လာ၊ အင်္ဂါ
ည (၈) နာရီ

ပြည်တွင်းသတင်း

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ဘဏ္ဍာငွေနှင့် အထောက်အပံ့ရရှိရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၀

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရန် ၁၁ လ ခန့်သာလိုတော့ကြောင်း၊ ပြိုင်ပွဲကြီးအတွက် ဘဏ္ဍာငွေနှင့် အထောက်အပံ့များရရှိရန် ဇန်နဝါရီ ၉ ရက်က ညှိနှိုင်းဆွေးနွေးခြင်းဖြစ်ကြောင်း၊ လုပ်ဆောင်ချက်များအား ပွင့်လင်းမြင်သာမှုရှိရှိဖြင့် ဆောင်ရွက်ကြရန်ဒုတိယသမ္မတကလည်း လမ်းညွှန်မိန့်ကြားထားကြောင်း၊ ဆပ်ကော်မတီအသီးသီးအနေဖြင့် အထောက်အပံ့၊ အကူအညီရရှိရေးအတွက် ဆက်သွယ် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဆောင်ရွက်မည့်ကိစ္စရပ်များအား ပွင့်ပွင့်လင်းလင်းဆွေးနွေးညှိနှိုင်းအကြံပြုကြစေလိုကြောင်း၊ အားကစားပြိုင်ပွဲကြီး ကျင်းပရေးအတွက် အဓိကဆောင်ရွက်နေသည့် အားကစားဝန်ကြီးဌာနနှင့် တက်ရောက်လာသူအားလုံးက ဝိုင်းဝန်းဆွေးနွေးအကြံပြုကြရန်ဖြစ်ကြောင်း၊ ဆွေးနွေးချက်များကို ဝိုင်းဝန်းသုံးသပ်အဖြေရှာပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဘဏ္ဍာငွေရှာဖွေထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီဥက္ကဋ္ဌဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ဇန်နဝါရီ ၈ ရက် ညနေ ၄ နာရီတွင် အဆိုပါဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ဘဏ္ဍာငွေနှင့် အထောက်အပံ့ရရှိရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။

ဆက်လက်၍ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက မိမိတို့အားကစားဝန်ကြီးဌာနအနေဖြင့် ပြိုင်ပွဲကြီးအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ပြိုင်ပွဲကြီးအတွက် အလှူရှင်နှင့် Sponsorများ ရရှိရေး ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဆပ်ကော်မတီများအနေဖြင့် လှူဒါန်းမည့်သူများ ဆက်သွယ်လာပါက လက်ခံပေးရန်နှင့် Sponsor များ ဆက်သွယ်လာပါက ၎င်းတို့တောင်းဆိုချက်ကို မူတည်စဉ်းစားရန်လိုမည်ဖြစ်ကြောင်း၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရန် တဖြည်းဖြည်းနီးကပ်လာပြီဖြစ်၍ Main Sponsor ရရှိရေးအား ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် ဆောင်ရွက်ထားရှိမှုအခြေအနေအသေးစိတ်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ဆပ်ကော်မတီအသီးသီးအနေဖြင့် လုပ်ငန်းတာဝန်များကို ပိုမိုအလေးထားဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဘဏ္ဍာငွေရရှိရေးအတွက် ဆပ်ကော်မတီအသီးသီးမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေမှုများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ တက်ရောက်လာကြသည့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့် ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက် ဆောင်ရွက်ထားရှိမှုများနှင့် ဆောင်ရွက်ရန် ကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က နိဂုံးချုပ် ပြောကြားရာတွင် ဆပ်ကော်မတီများအနေဖြင့် ဘဏ္ဍာငွေနှင့် အထောက်အပံ့ရရှိရေးကိစ္စအတွက် ဆောင်ရွက်ရာ၌ ဘဏ္ဍာငွေရှာဖွေထိန်းသိမ်းရေးဆပ်ကော်မတီ၊ အားကစားဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ပွင့်လင်းမြင်သာမှုနှင့် စနစ်တကျမှတ်တမ်းတင်ထားရှိမှုကို အလေးထားဆောင်ရွက်ရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(သတင်းစဉ်)

ပြောင်းလဲလာသော အခြေအနေများနှင့် ပြည်သူများ၏အသံ

ရန်ကုန် ဒီဇင်ဘာ ၁၀

ရေကြောင်းလမ်းတံတားအမှတ်အသား မီးနီ-မီးစိမ်းထွန်းညှိပေးစေလိုသော သတင်း၊ သန့်ရှင်းရေးခွန်တိုးမြှင့်ကောက်ခံမှုနှင့်အတူ ကမ်းနားဆိပ်ကမ်းကုန်စည်ဒိုင် အမှိုက်ပုံလမ်းပေါ်ရောက်နေသည်ကို ရှင်းလင်းပေးရန်သတင်း၊ ရန်ကုန်- မော်ကျွန်းသဘော်များစည်းကမ်းရှိစေရန်သတင်း၊ လမ်းမတော်လှည်းတန်းလမ်းတွင် ခွေးလေ-ခွေးလွင့်သောင်းကျန်းနေ၍ ရှင်းလင်းပေးရန် လူထုအသံသတင်းများ မြန်မာ့အလင်းသတင်းစာတွင်ဖော်ပြပြီးနောက် ပြောင်းလဲလာသောအခြေအနေများကို ပြည်သူများ၏အသံအဖြစ် ဖော်ပြလိုက်ရပါသည်။

ကျိုက်လတ်-ဖျာပုံ ကားလမ်းပေါ်ရှိ ဂုံညင်းတန်းတံတားတွင် ညလုံးပေါက်မီးနီ-မီးစိမ်း အချက်ပြမီးမထွန်းထား၍ ရေယာဉ်အချို့နှင့် တံတားတိုက်မှုဖြစ်ပွားခဲ့ရကြောင်း ဖော်ပြပြီးနောက် ဇန်နဝါရီအတွင်း အဆိုပါတံတားကြီးတွင် မီးနီ-မီးစိမ်း အချက်ပြမီးများ ညလုံးပေါက်ထွန်းထားပြီဖြစ်၍ တံတားအောက်မှ ဖြတ်သန်းသွားနေရသော ရေယာဉ်များ စိတ်ချမ်းသာစွာ၊ ဘေးအန္တရာယ်ကင်းစွာသွားလာနေရပြီဖြစ်ကြောင်း မြစ်ဝကျွန်းပေါ်ဒေသ အရှေ့ခြမ်းများ ခရီးသည်တင်ရေယာဉ်များ အပါအဝင် ရေယာဉ်များမှပိုင်ရှင်များ၊ ရေယာဉ်အုပ်များ၊ တာဝန်ခံများ၏ ပြောဆိုမှုများကို ရန်ကုန်ဆိပ်ကမ်းပေါက်တံတားများတွင်ကြားသိရပါသည်။

ဝါးတန်းကုန်စည်ဒိုင်များ ဆန်ကုန်သည်အချို့မှလည်း ဂိုဒေါင်အမှတ် ၇၂-A အနီးရှိ လမ်းပေါ်သို့တစ်ဝက်ရောက်ရှိနေသော အမှိုက်ပုံရှင်းလင်းသွားပြီဖြစ်၍ ကားများ၊ လူများ လွတ်လပ်စွာသွားလာနိုင်ပြီဖြစ်ကြောင်း ပြောကြားလာပါသည်။

ရန်ကုန်- မော်ကျွန်းသွား လူစီးနှစ်ထပ်ရေယာဉ်များအား သက်ဆိုင်ရာမှ ရေယာဉ်စည်းကမ်းနှင့် ညီညွတ်မှုစစ်ဆေးခြင်းများ ယခင်ထက် ပိုမိုလုပ်ဆောင်လာကြောင်း၊ ရေယာဉ်များအား သက်ဆိုင်ရာက အပေါ်ထပ်၊ အောက်ထပ်တွင်သာခွင့်ပြုချက်အတိုင်း ခွင့်ပြုသောခရီးသည်အရေအတွက်အတိုင်း တင်ဆောင်မှုရှိ မရှိ စစ်ဆေးလာသည်ကို တွေ့ရှိရကြောင်း ပုဂ္ဂလိက ရေယာဉ်တာဝန်ရှိသူတစ်ဦးက ဆိုလာပါသည်။

အလားတူ အများပြည်သူသွားလာရေးတွင် အန္တရာယ်ရှိသော ခွေးလေခွေးလွင့်ရှင်းလင်းရာမှာ ရက်ပိုင်းအတွင်း သက်ဆိုင်ရာမှ ရှင်းလင်းပေးခဲ့ပါသည်။ သို့သော် ထိရောက်မှုအားနည်း၍ လမ်းပေါ်တွင် ပြန်လည်သောင်းကျန်းနေသေးကြောင်း၊ အနီးဝန်းကျင်ရှိ လူအများသွားလာ ဝင်ထွက်ရာရုံးတွင်လည်း ခွေးအန္တရာယ်သတိထားဝင်ရောက်သွားလာနေရသေးကြောင်း၊ ခွေးလေခွေးလွင့်များကို တရားဝင်စောင့်ရှောက်ကျွေးမွေးလိုလျှင် လူအများအပေါ် အန္တရာယ်မပေးအောင် ထိန်းသိမ်းထားသင့်ကြောင်း လမ်းမတော် ၄၊ ၅ ရပ်ကွက်များမှ ပြည်သူများက ဆိုပါသည်။

ပြည်သူ့အသံကို ထင်ဟပ်ဖော်ပြသော မြန်မာ့အလင်းသတင်းစာမှ ရေးသားဖော်ပြချက်များကို ပြည်သူများက လက်ခံကြိုဆိုမှုရှိပါကြောင်း ရေးသားတင်ပြပါသည်။ အများပြည်သူနှင့် သက်ဆိုင်သော သတင်းများ၊ ပြုပြင်ရန်များကို တင်ပြပေးနိုင်သည့်အတွက် ပြည်သူများ ဖတ်ရှုမှုများလာသည်ဟု သိရသည်။

(ခင်ဆိုင်)

ကက်ပီတယ်ဝမ်းအကြိုဗိုလ်လုပွဲ ပထမအကျော့တွင် ဆွမ်ဆီးအနိုင်ရ

ဆွမ်ဆီး ဇန်နဝါရီ ၁၀

ဆွမ်ဆီးအသင်းက ချယ်လ်ဆီးအသင်းကို ကက်ပီတယ်ဝမ်းအကြိုဗိုလ်လုပွဲ ပထမအကျော့တွင် နှစ်ဂိုး-ဂိုးမရှိဖြင့် ၈၇ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် အနိုင်ရရှိသွားခဲ့သည်။ အိမ်ရှင်ချယ်လ်ဆီးက ပထမပိုင်းတွင် ဆွမ်ဆီးကိုအသာစီးဖြင့် ကစားနိုင်ခဲ့သည်။ သို့သော် နောက်တန်းလူအီဗာနိုဗစ်၏ အမှားကြောင့် မီချူးက ဆွမ်ဆီးအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။ ချယ်လ်ဆီးအသင်းသည် ချေပဂိုးသွင်းနိုင်ရေးတစ်ချိန်လုံး ဖိကစားခဲ့သည်။ သို့သော် အီဗာနိုဗစ်က လေလွင့်ချိန်တွင် ထပ်မံမှားယွင်းမိ၍ ဒန်နီဂရာဟမ်က ဆွမ်ဆီးအတွက် ဒုတိယအနိုင်ဂိုးသွင်းယူခဲ့သည်။ **(အောက်ပုံ)**

ရှနိုက်ဒါတူရကီကလပ်သို့ရောက်ဖွယ်ရှိ

နယ်သာလန်ကွင်းလယ်ကစားသမား ရှနိုက်ဒါအား တူရကီကလပ် ဂါလာတာစာရေး၏ ကမ်းလှမ်းမှုကို အင်တာမီလန်က လက်ခံလိုက်ပြီဖြစ်သည်။ ဂါလာတာစာရေးက အသက် ၂၈ နှစ်ရှိ ရှနိုက်ဒါအား ယူရို ၁၀ သန်းဖြင့် ခေါ်ယူရန် ကမ်းလှမ်းထားသည်။ အင်တာမီလန်နှင့် ဂါလာတာစာရေးတို့ သဘောတူလက်ခံလိုက်ပြီဖြစ်သော်လည်း ရှနိုက်ဒါက လက်ခံပြီဆိုလျှင် တူရကီကလပ်သို့ ရောက်ရှိဖွယ်ရှိသည်။

ကောင်းမြတ်သူ-စုစည်းသည်

ဆုတောင်းလွှာ

ပါမောက္ခဦးခင်မောင်ဝင်း(အသည်းအထူးကုဆရာဝန်ကြီး)

၏

ဇန်နဝါရီ ၁၁ ရက်တွင်ကျရောက်သော

ဆရာကြီး၏မွေးနေ့မှစ၍

နောင်နှစ်ပေါင်းများစွာ ဆရာကြီးတစ်ယောက် ကျန်းမာပျော်ရွှင်စွာဖြင့်

ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးများကို ဆတက်ထမ်းပိုး

တာဝန်ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဟာဂျီဦးဂျလားနှင့် ဟာဂျီမဒေါ်ရှာကီလာမိသားစု

ထောက်ကြန့်မြို့

ပြန်ကြားရေးဝန်ကြီးဌာန

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

စက်ရုံမှူးနေအိမ်နှင့် စက်ရုံအဆောက်အအုံအသစ်တည်ဆောက်ရေးအတွက်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ထပ်ဆင့်လွှင့်စက်ရုံ(၃)ရုံတွင် စက်ရုံမှူးနေအိမ် နှစ်လုံးနှင့် စက်ရုံအဆောက်အအုံအသစ်တစ်လုံးတည်ဆောက်ရန်အတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၄-၁-၂၀၁၃ရက်မှ ၁၇-၁-၂၀၁၃ရက်အထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၈-၁-၂၀၁၃ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များ၊ ဗိသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

တည်ဆောက်ရေးလုပ်ငန်းကြီးကြပ်ရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
နေပြည်တော်(တပ်ကုန်း)
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၇၉၄၈၃၊ ၇၉၁၃၅

အမည်ဖြည့်စွက်

မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ နယ်မြေ ၁၂၊ အိမ်အမှတ် ၆၀၂နေ မပိုးအိစံ ၁/မကန(နိုင်)၀၁၇၈၁အား မချွင်တက်ဟွေ (ခ)မပိုးအိစံဟု ဖြည့်စွက်ခေါ်ပါရန်။

မချွင်တက်ဟွေ(ခ)မပိုးအိစံ

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ငွေအောင် ၁၂/အစန(နိုင်) ၀၅၄၈၁၃ ၏ Passport No.A-081329 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၁-၆၅၀၈၁၃၊ ၀၉-၇၃၁၄၈၆၄၂

အမည်ပြောင်း

တောင်တွင်းကြီးမြို့နေ ဦးမြင့်နိုင် ၉/ရမသ(နိုင်)၀၀၉၆၂၆ ၏သမီး(အထက -၁)၊ အဋ္ဌမတန်း(က)မှ မကြည်ရတနာဦးအား ယနေ့မှစ၍ မစန်းသော်တာမြင့်နိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မစန်းသော်တာမြင့်နိုင်**

ပျောက်ဆုံးကြောင်း

ဒေါ်လှဲလှဲမင်း ၁၂/ကမရ(နိုင်)၀၁၃၆၀၉ ၏ သွင်းကုန်ပါမစ်အမှတ် ISP IDV8 12-13 22984 29/11/12 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အမြန်ဆုံးအကြောင်းကြားပေးကြပါရန်။ **ဖုန်း-၀၉-၄၂၀၀၁၇၇၉၇**

ငှားမည်

နေရာအလွန်ကောင်း
မြေညီထပ်
မဟာဗန္ဓုလလမ်းမပေါ်၊
ကျောက်တံတားမြို့နယ်
ဖုန်း-၃၈၉၉၅၇၊ ၀၉-၅၀၁၆၁၉၁၅

ဆိုင်ခန်းအမြန်ရောင်းမည်

ဘုရင့်နောင်ကားပစ္စည်းဝင်း
(က)တန်း၊ ရုံကြီး (၇)အခန်းကျယ်
(ညှိနှိုင်းဈေး)
ဖုန်း-၀၉-၅၀၁၁၆၀၁၊ ၀၉-၅၁၀၇၆၉၈

ပြင်ဆင်ဖတ်ရှုပါရန်

၃-၁-၂၀၁၃ ရက် ဤသတင်းစာ၏ စာမျက်နှာ ကြော်ငြာ(ဂ) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ် ၁၈ ဦးဇော်ဝင်း+၄၏ ဗဟန်းမြို့နယ် အမည်ပြောင်းတွင် မြေကွက်လိပ်စာအမှတ် ၂၂အစား ၂၂ Aဟု လည်းကောင်း အမည်ပြောင်းအစား မြေပုံကူးလျှောက်ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

နိုင်ငံတကာအားကစားသတင်း

အိုးထရက်ဖို့ဒ်မှာအခက်တွေ့ရဦးမယ့် လီဗာပူးရဲ့ပွဲစဉ်(၂၂)

မောင်မောင်မြင့်ဆွေ
ရေးသည်

ပရီမီယာလိဂ်ပွဲစဉ်တွေ ထက်ဝက်ကျော်လာတဲ့အချိန်မှာ မန်ယူတို့ကတော့ ဒုတိယနေရာက မန်စီးတီးနဲ့ ပွဲတူ ခုနစ်မှတ်ကွာနဲ့ ဦးဆောင်နေဆဲဖြစ်ပါတယ်။ မန်ယူရဲ့ အမှားအယွင်း အတိမ်းအစောင်းကို အခွင့်ကောင်းယူပြီး ဖြတ်ကျော်ဖို့ကြိုးစားနေတဲ့မန်စီးတီးတို့ကလည်း အကောင်းဆုံးရလဒ်တွေကို ဆက်တိုက်ဖော်ဆောင်နေတဲ့အတွက် ဒီပွဲစဉ်တွေဟာ အကြိတ်အနယ်ရှိလာတဲ့အပြင် အကောင်းဆုံးရလဒ်တွေ ရယူဖို့အတွက် ပြင်းပြင်းထန်ထန်ပြိုင်ဆိုင်မှုတွေ ဖြစ်ပေါ်နေတာမို့ ပရိသတ်တွေရဲ့ အားပေးမှုတွေကလည်း မြိုင်မြိုင်ဆိုင်ဆိုင်ရှိနေပြီ ဖြစ်ပါတယ်။

မန်ယူနှင့် လီဗာပူး

မန်ယူဟာ ဒီပွဲကို အိမ်ကွင်း အိုးထရက်ဖို့ဒ်မှာ ကစားရမှာမို့ သေသေချာချာ ပြင်ဆင်ကစားပါလိမ့်မယ်။ မန်ယူဟာ လီဗာပူးနဲ့ဆုံတိုင်း အသာစီးရအောင် ကစားလေ့ရှိပေမယ့် လီဗာပူးဟာ ခြေစွမ်းအတက်အကျခန့်မှန်းရခက်တာမို့ မန်ယူတို့အိမ်ကွင်းမှာ သတိထားကစားရမှာ ဖြစ်ပါတယ်။ မန်ယူဟာ အိမ်ကွင်းမှာ ဒီနှစ် ဘောလုံးရာသီအတွင်း ၁၀ပွဲ ကစားခဲ့ပြီး ကိုးပွဲနိုင်၊ တစ်ပွဲရှုံးထားတဲ့ ရလဒ်ရှိထားပါတယ်။ လီဗာပူးတို့ကတော့ ဒီနှစ် အဝေးကွင်း ၁၁ ပွဲ ကစားပြီးချိန်မှာ ရှစ်ပွဲနိုင်၊ နှစ်ပွဲရှုံး၊ တစ်ပွဲသရေဖြစ်ထားတာမို့ ဒီပွဲဟာ မန်ယူပရိသတ်တွေအတွက် ရင်ပူစရာဖြစ်စေတာတော့ အမှန်ပါပဲ။ ဒါပေမယ့် တိုက်စစ်ပုံစံ အကောင်းဆုံးရရှိနေပြီး ပွဲတိုင်းရလဒ်ကောင်းအောင် ကစားနေတဲ့ မန်ယူဟာ ခံစစ်ကြောင်းလုံအောင် သတိပြု ပြင်ဆင်ကစားနိုင်ရင် အခြေအနေကောင်းနဲ့ ကြုံတွေ့ရနိုင်ပေမယ့် လီဗာပူးရဲ့ ခြေစွမ်းက မန်ယူကိုအခက်အခဲတွေ့စေနိုင်တာတော့ အမှန်ပါပဲ။ နှစ်ဖက် ပရိသတ်တွေအတွက် ပွဲကောင်းဖြစ်မှာတော့ အသေအချာပဲဖြစ်ပါတယ်။

စတုတ်နှင့် ချယ်လ်ဆီး

ချယ်လ်ဆီးအတွက် စတုတ်တို့က အခက်အခဲဖြစ်စေမှာတော့ အမှန်ပါပဲ။ ချယ်လ်ဆီးဟာ ခြေစွမ်းမာကျောပေမယ့် အဝေးကွင်းမှာ ခြေစွမ်းအတက်အကျမမှန်တာမို့ စတုတ်ကွင်းမှာကစားရမယ့် အခုပွဲကို အလေးအနက်ထားပြီး ကစားမှရပါလိမ့်မယ်။ ခံစစ်ပိုင်းအကောင်းဆုံး ပုံစံရရှိထားတဲ့ စတုတ်နောက်တန်းကို ချယ်လ်ဆီးခံစစ်မျုးတွေဘယ်လိုကျော်ဖြတ်မလဲ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ချယ်လ်ဆီးမှာတိုက်စစ်မှူးသစ် ဒမ်ဘာဘာ ရောက်ရှိလာလို့ ခြေစွမ်းပြဂိုးတွေ သွင်းယူနေတာဟာ စတုတ်ခံစစ်မှူးတွေ သတိထားရမယ့် အနေအထားရှိပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးဟာ တိုက်စစ်နဲ့ခံစစ်ပိုင်းမှာ စတုတ်ထက်ပိုပြီး ကျစ်လျစ်မာကျောတာမို့ ဒီပွဲမှာ ချယ်လ်ဆီးတို့ မျှော်လင့်ချက်တွေ ရှင်သန်နိုင်မယ့် အနေအထားရှိပါတယ်။

အာဆင်နယ်နှင့် မန်စီးတီး

အကြိတ်အနယ်ရှိမယ့် ပွဲကောင်း တစ်ပွဲဖြစ်ပါတယ်။ အမှတ်ရလိုစိတ် ပြင်းထန်နေတဲ့ မန်စီးတီးဟာ ဒီပွဲကို စနစ်တကျ ဗျူဟာခင်းကျင်းမှ ရပါလိမ့်မယ်။ မန်စီးတီးရဲ့ အဝေးကွင်းရလဒ်က ၁၀ပွဲ ကစားပြီးချိန်မှာ ငါးပွဲနိုင်၊ လေးပွဲသရေ၊ တစ်ပွဲရှုံး ရလဒ်တွေ ရရှိထားတာမို့ အဝေးကွင်းမှာက သရေပွဲများနေတဲ့ မန်စီးတီးတို့အတွက် သောကဝေစေမယ့် ပွဲပါပဲ။ တိုက်စစ်မှူး ဝေါကော့သ်ကို ထိန်းသိမ်းထားနိုင်ပြီးဖြစ်တဲ့ အာဆင်နယ်ဟာ မန်စီးတီးခံစစ်ကြောင်းကို နေရာစုံက ထိုးဖောက် ခြိမ်းခြောက်ပါလိမ့်မယ်။ အိမ်ရှင်အာဆင်နယ်ရဲ့ အနေအထားကလည်း နယူးကာဆယ်ကို ခုနစ်ဂိုး-သုံးဂိုးနဲ့ အနိုင်ယူခဲ့ပေမယ့် ဆောက်သမ်ပတန်ကို အဝေးကွင်းမှာ သရေကစားထားတဲ့ ခြေစွမ်းကလည်း ပရိသတ်တွေအတွက် ရတက်မအေးစရာတော့ အမှန်ပါပဲ။

ကျူပီအာနှင့် စပါး

တန်းဆင်းဇုန်ထဲက ရုန်းထွက်ဖို့ကြိုးစားပေမယ့် ကျူပီအာဟာ ခြေတက်နေတဲ့စပါးကို အိမ်ကွင်းမှာ ကစားရမှာဖြစ်တာမို့ အကျပ်အတည်း ဖြစ်စေမှာတော့ သေချာပါတယ်။ ကျူပီအာတို့ရဲ့ ခြေစွမ်းကလည်း အိမ်ကွင်း ၁၀ ပွဲ ကစားပြီးချိန်မှာ တစ်ပွဲသာအနိုင်ရပြီး လေးပွဲသရေ ငါးပွဲရှုံးထားတာမို့ ဒီပွဲမှာစပါးတို့က အမှတ်ပြည့်ယူပြီး အိမ်ပြန်လှဖို့ကြိုးစားပါလိမ့်မယ်။ အိမ်ရှင်ကျူပီအာရဲ့ အားနည်းချက်ရှိတဲ့ ခံစစ်ကြောင်းဟာ စပါးတိုက်စစ်မှူးတွေအတွက် အကြိုက်တွေ့မလားဆိုတာ ကြည့်ရမယ့်ပွဲဖြစ်ပါတယ်။

အဲဗာတန်နှင့် ဆွမ်ဆီး

ခြေစွမ်းတူညီတဲ့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုဖြစ်တာမို့ နှစ်သင်းစလုံးသတိကြီးကြီးထားပြီး ယှဉ်ပြိုင်ကြရမယ့်ပွဲဖြစ်ပါတယ်။ အဲဗာတန်ရော ဆွမ်ဆီးပါ တိုက်စစ် ခံစစ်မျှအောင် ကစားနိုင်တဲ့ အသင်းတွေဖြစ်ပြီး အသင်းလိုက်ကစားအားမှာတော့ အဲဗာတန်တို့က အားသာမှုရှိနေပါတယ်။ ဆွမ်ဆီးတိုက်စစ်မှူးတွေက အခက်အခဲကြားက ဂိုးရအောင် သွင်းယူနိုင်ကြသူတွေဖြစ်တာမို့ အိမ်ရှင်အဲဗာတန်တို့ အမာခံကစားသမားတွေ အကုန်ထုတ်သုံးမှရပါလိမ့်မယ်။

နော့ဝှစ်နှင့် နယူးကာဆယ်

နော့ဝှစ်ဟာ အိမ်ကွင်းရလဒ်ကောင်းအောင် ကစားနိုင်တဲ့ အသင်းဖြစ်ပေမယ့် နယူးကာဆယ်ကို လျှော့တွက်လို့မရပါဘူး။ ရှုံးပွဲတွေ ဆက်တိုက်ကြုံတွေ့နေပြီး အဝေးကွင်းမှာ နိုင်ပွဲတစ်ပွဲမှ မရသေးတဲ့ နယူးကာဆယ်တို့ ဒီပွဲမှာ အနိုင်ဈေးဦး ပေါက်ပါ့မလားဆိုတာလည်း သေချာမှုမရှိနိုင်ဘူး ဖြစ်နေပြန်ပါတယ်။

ဖူလ်ဟမ်နှင့် ဝီဂန်

ဝီဂန်ရဲ့ တန်းဆင်းဇုန်ထဲမကျဆင်းဖို့ အပြင်းအထန်ရုန်းကန်မှုကို ဖူလ်ဟမ်တို့ ရင်ဆိုင်ရပါလိမ့်မယ်။ အိမ်ကွင်းမှာ ကစားအားကောင်းတဲ့ ဖူလ်ဟမ်ဟာ ဝီဂန်ကို ဟန့်တားပိတ်ဆို့ကစားမှာဖြစ်ပြီး ပရိသတ်တွေအတွက် စိတ်ကျေနပ်စရာဖြစ်အောင် ကစားပါလိမ့်မယ်။

အားကစားသတင်း အတိုအထွာ

✻ ခရစ္စတယ်ပဲလေ့စ်အသင်းမှ အသက် ၂၀ အရွယ်ရှိ ကွင်းလယ်ကစားသမား ဇာဟာကို မန်ယူကပြောင်းရွှေ့ကြေး ဒေါ်လာ ၁၂ သန်းဖြင့် စာချုပ်ချုပ်ဆိုတော့မည်ဖြစ်သည်။

✻ စပါးအသင်းသည် ဘရာဇီးတိုက်စစ်မှူးဒါမီရာရိုကို စာချုပ်ချုပ်ဆိုခေါ်ယူရန် ဆွေးနွေးမှုများပြုလုပ်လျက်ရှိသည်။

✻ ဝက်စ်ဘရွန်းအသင်းမှ အသက် ၂၉ နှစ်အရွယ်ရှိ နောက်ခံလူဂျိုနက်စ်အား ကျူပီအာအသင်းမှ ပြောင်းရွှေ့ကြေးပေါင် ၅ သန်းပေး၍ ခေါ်ယူမည်ဖြစ်သည်။

✻ အသက် ၃၅ နှစ်အရွယ်ရှိ စပါးနောက်ခံလူ ဂါးလက်စ်ကို ကျူပီအာနည်းပြ ရက်နက်က စာချုပ်ချုပ်ဆိုခေါ်ယူနိုင်ရေး ဆွေးနွေးလျက်ရှိသည်။

✻ မန်စီးတီးနည်းပြ မန်ချီနီက မန်ယူတိုက်စစ်မှူး ဗန်ပါစီသည် ဂိုးသွင်းကောင်းသည့် တိုက်စစ်မှူးဖြစ်ကြောင်း ချီးကျူးလိုက်ပြီး ဗန်ပါစီကြောင့် ပရီမီယာလိဂ်ဖလား ရယူရေးမှာ ခက်ခဲစွာဖြတ်သန်းရမည်ဟု ထုတ်ဖော်ပြောကြားသည်။

✻ စပါးတိုက်စစ်မှူး အဒီဘာယောက မိမိ၏ တိုဂိုနိုင်ငံကိုယ်စားပြု ဘောလုံးအသင်းအတွက် သွားရောက်ကစားပေးမည့် အစီအစဉ်ကို နည်းပြဘိုအာ့စ်က လိုလားမှုမရှိကြောင်း ထုတ်ဖော်ပြောကြားသည်။

✻ မန်ယူနည်းပြ ဖာဂူဆန်သည် လိုင်လီအသင်းမှ အသက် ၂၀ အရွယ်ရှိ တိုက်စစ်မှူး ဘက်တစ်တာအိုအား ခေါ်ယူရန်စောင့်ကြည့်လေ့လာလျက်ရှိသည်။

✻ လီဗာပူးအသင်း နိုင်ပွဲများပြန်လည်ရရှိရေးအတွက် ကစားသမားအားလုံး စိတ်ဓာတ်ပြင်းပြင်းဖြင့် ကစားကြရမည်ဟု တိုက်စစ်မှူး ဆွာရက်ဇ်က တိုက်တွန်းလိုက်သည်။

✻ မန်ယူတိုက်စစ်မှူးဟောင်း နစ္စတယ်လ်ရွိုင်းက မန်ယူတွင် လက်ထောက်နည်းပြအဖြစ် တာဝန်ယူလိုသော ဆန္ဒရှိနေကြောင်း ထုတ်ဖော်ပြောကြားသည်။

မောင်ချစ်ကြည် - စုစည်းသည်

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၁၃)ဖြင့် မန္တလေးမြို့ အေးအေးခိုင်ကျောက်မျက်ကုမ္ပဏီဥက္ကဋ္ဌ သုဓမ္မ မဏိဇောတရေ ဦးစိုးနိုင်အား သာသနာတော်ဆိုင်ရာ **သီဟသုဓမ္မမဏိဇောတရေ**ဘွဲ့တံဆိပ် ထပ်ဆင့်ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ရပါကြောင်း။

ကိုကျော်မိုးခိုင်-မစန်းယုမော်
သား- သက်ဖုန်းနိုင်၊ အောင်ဘုန်းမြတ်
ရတနာသိန်းမြတ် ကျောက်မျက်ကုမ္ပဏီ

ကျောင်းရေစက်ချအလှူတော်မင်္ဂလာ

သဃ်န်းကျွန်းမြို့နယ်၊ ကျိုက္ကဆံဘုရား အနောက်ရပ်ကွက်၊ ငွေပြည်သာရပ်သာလမ်း၊ အောင်ဆုပန်ကျောင်းတိုက်တွင် ကျောင်းရေစက်ချမင်္ဂလာ ပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းအလှူရှင်များ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - (၁၃၇၄ခုနှစ် ပြာသိုလပြည့်နေ့)
၂၆-၁-၂၀၁၃ရက် (စနေနေ့)
အချိန် - နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီ
ဆက်သွယ်ရန်ဖုန်း - ၅၇၉၄၇၁

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ တိုက်အမှတ် ၉၃၊ မြေညီထပ်နှင့် ပထမထပ် (အလျား ၁၇ပေ× ၅၄ပေ)ရှိ တိုက်ခန်းနှစ်ခန်းကို ပိုင်ဆိုင်သည်ဟုအဆိုရှိသူ ဒေါ်လီလီ(ခ) ဒေါ်ဝင်းဝင်းဖြူ ၆/ကသန(နိုင်)၀၁၆၁၂၇ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းများ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှဝင်း (စဉ်-၈၅၆၈)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၂၂၊ ခြောက်လွှာ၊ နွယ်သာကီလမ်း၊ အလုံမြို့နယ်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ် ၁၁ ရပ်ကွက်၊ ဗိုလ်မိုး (၃)လမ်း၊ အိမ်အမှတ် ၈၆၉ ၊ မြေအကျယ်အဝန်း ပေ (၄၀×၆၀) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့အား အရပ်ကတိစာချုပ်ဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးပြေ့ဝင်း ၉/မတရ(နိုင်)၁၀၄၈၃၈က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်တော့မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်မျိုးအောင်	**ဒေါ်သင်းဆွေထက်**
အထက်တန်းရှေ့နေ(စဉ်-၂၄၂၈၆)	**အထက်တန်းရှေ့နေ (စဉ်-၃၈၃၃၀)**

အမှတ်-၂၇/အေ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၃၀၁၀၉၄၁၊ ၀၉-၄၂၀၂၆၆၀၆၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သံသုမာလမ်းမကြီး၊ သုဝဏ္ဏအိမ်ရာစီမံကိန်းရှိ ဒဂုန်အင်တာနေရှင်နယ်လီမိတက်မှ ဆောက်လုပ်သည့် Shop House Building တိုက်အမှတ်-D-7 ၊ မြေညီထပ်တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရှိထားပိုင်ဆိုင်သူ ဦးကျော်ဝင်း ၁၂/ပဘတ(နိုင်)၀၂၁၆၇၈ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်မာသော စာရွက်စာတမ်း အထောက်အထားအပြည့်အစုံကို ကျွန်ုပ်ထံတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇင်ထွန်း
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၄၆၃)
အမှတ် ၃၁/၃၃၊ (၅)လွှာ (ယာ)၊ ၃၅ လမ်း၊ (အောက်လမ်း)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ သီရိရတနာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၊ သီရိရတနာ၊ မြေကွက်အမှတ် ၅၁၊ ဧရိယာ ၀ဒသမ၄၄၇ဧကရှိ ဦးဇော်ဘိုခန့်အမည်ဖြင့် ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဦးဇော်ဘိုခန့် ၁၀/မလမ(နိုင်)၀၅၉၄၇၄(ဘ) ဦးမောင်မောင်ဇော်က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ရန် မြေပုံရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (L-၁၇/၆၀)၊ ရတနာလမ်း၊ မြေကွက်အမှတ်(၁၁၅၅)၊ အကျယ်အဝန်း ပေ (၄၀×၆၀)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးအား ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် အမည်ပေါက်တည်ရှိသူ ဦးစံနက်ကျော်ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လက်ရှိပိုင်ဆိုင်စီမံရောင်းချပိုင်ခွင့်ရှိသူ ဦးစိန်လွင် ၁၂/ကမရ(နိုင်)၀၄၃၂၈၅ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (ရောင်းဖိုးငွေ တစ်စိတ်တစ်ပိုင်း) ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို (စဉ်-၂၃၂၉၉)	**ဒေါ်အိမ့်ဖြူနိုင် (စဉ်-၂၉၇၄၆)**
LL.B	**LL.B, DBL, DML**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**

အာရှမြေ အိမ်-ခြံ-မြေ အကျိုးဆောင်ကုမ္ပဏီ၊ အမှတ် ၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၉၃၁၂၈၊ ၃၉၃၁၇၃

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မိုဘိုင်းဟန်းဆက် ရောင်းချရန် စိတ်ဝင်စားမှုများလာ၊ ဟန်းဆက်ဝယ်လိုအား မြင့်တက်

ရန်ကုန် ဇန်နဝါရီ ၁၀

မိုဘိုင်းဖုန်းများ တွင်ကျယ်စွာအသုံးပြုလာကြသည့်အတွက် ပြည်တွင်းမိုဘိုင်းဟန်းဆက်ဈေးကွက်လုပ်ငန်းလုပ်ကိုင်သူများ ပိုမိုများပြားလာကြောင်း သိရှိရသည်။ "မိုဘိုင်းဖုန်းက အခုအရမ်းခေတ်စားနေတဲ့အတွက် စီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူတွေအတွက် အခွင့်ကောင်းတစ်ခုပါပဲ။ လက်ရှိပြည်တွင်းမှာ မိုဘိုင်းဆင်းကတ်ဈေးနှုန်း လျော့နည်းလာတော့ ဟန်းဆက်ဈေးကွက်က ပိုပြီး အလုပ်ဖြစ်လာတယ်။

"ငွေကြေးတတ်နိုင်ရင် တတ်နိုင်သလို ဟန်းဆက်ဆိုင်တွေ အများကြီး ပေါ်ထွက်လာတယ်။ ရန်ကုန်တစ်မြို့လုံး အတိုင်းအတာနဲ့ဆိုရင် မိုဘိုင်းဟန်းဆက်ဆိုင်တွေ ရှစ်ရာကျော် ပေါ်ထွက်လာခဲ့တယ်။ ရင်းနှီးမြှုပ်နှံမှုအနေနဲ့ ပစ္စည်းတန်ဖိုး ငွေကျပ်သိန်း ၃၀ လောက်ကနေ သိန်းရာနဲ့ချီပြီး ရင်းနှီးကြတယ်"ဟု ဈေးကွက် စောင့်ကြည့်သူတသနမှ ဦးနေလင်းရှိန်က ပြောပြသည်။

ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာခဲ့ပြီးနောက်ပိုင်း လူတန်းစားမျိုးစုံတို့တွင် အသုံးများလာခဲ့သည့် မိုဘိုင်းဖုန်းများသည် ၂၀၁၀ ပြည့်နှစ်မှစတင် ခေတ်စားလာကာ နာမည်ကြီးကုန်အမှတ်တံဆိပ်များနှင့် အကြမ်းခံတရုတ်နိုင်ငံထုတ် အမှတ်တံဆိပ်များ ဆတူရောင်းဝယ်ဖောက်ကားနိုင်ခဲ့ကြောင်း ပါရမီမှ လူကြီးမင်းဖုန်းဆိုင်ခွဲ တာဝန်ခံက ပြောပြသည်။

"ဆင်းကတ် ဈေးကကျလာတော့ ဟန်းဆက်အမြင့်ပိုင်းတွေ ပိုပြီးရောင်းလာရတယ်။ အဓိကကတော့ အန်းသရွိုက်အမျိုးအစားတွေပေါ့။ အမြင့်ပိုင်းကြိုက်တဲ့သူတွေက နာမည်ကျော် တံဆိပ်တွေဖြစ်တဲ့ အိုင်ဖုန်း၊ ဆမ်ဆောင်း၊ နိုကီယာ၊ ဟွာဝေးနဲ့ ဆိုနီအဲရစ်ဆင်၊ ဆမ်ဆောင်းစတာတွေသုံးကြတယ်။ တစ်ခုသတိထားရမှာက ထုတ်လုပ်တဲ့နိုင်ငံပေါ့။ နောက်တစ်ခုက အာမခံပေးချက်တွေပေါ့။ ဟန်းဆက်ပုံတူအတုတွေ ဈေးကွက်မှာ အရမ်းများတယ်။ ပေါ်သမျှ အတုထွက်တယ်။ အခုနောက်ပိုင်း အတုတွေရဲ့ အဆင့်အတန်းကလည်း နည်းပညာပိုင်းမှာကောင်းလာတဲ့အတွက် ပြည်တွင်းက ဟန်းဆက်ဝယ်သူတွေအတွက် အန္တရာယ်များတယ်။ ဟန်းဆက်တစ်ခုဝယ်မယ်ဆိုရင် အရင်ဆုံးဆိုင်သုံးလေးဆိုင်ထက်မနည်း ဈေးစုံစမ်း၊ အထဲကပါဝင်တဲ့ ဆော့ဖ်ဝဲကိုစစ်၊ ဘယ်နိုင်ငံထုတ်လဲလေ့လာ၊ နည်းနည်းပါးပါး အသုံးပြုကြည့်ပြီးမှ ဝယ်တာ အကောင်းဆုံးဖြစ်ပါတယ်။ ဖြစ်နိုင်ရင်တော့ အာမခံချက်ပေးထားပြီးသားဖြစ်တဲ့ဆိုင်ကြီးတွေက ဝယ်တာတော့ အကောင်းဆုံးပဲ။ တစ်ခုခုဆိုရင် သွားပြန်ပြောလို့ရတာပေါ့"ဟု မိုဘိုင်းဟန်းဆက်ပြုပြင်ရေးလုပ်ငန်း လုပ်ကိုင်သူ ကိုဆက်မော်ဝင်း (ဒီဗိုက် မိုဘိုင်း) က ပြောပြသည်။

နိုင်ငံတကာ လူကြိုက်များလှသည့် အိုင်ဖုန်းအမျိုးအစားများကို ယခင်က ပြည်တွင်းတွင် အသစ်မှာယူရန်ခက်ခဲသော်လည်း ယခုနောက်ပိုင်းတွင်မူ ဆိုင်အများစု၌ မှာယူသုံးစွဲနိုင်ပြီဖြစ်ကာ ဆင်းကတ်ဖြတ်ခြင်းများကိုလည်း ဆိုင်အများစုကပင် လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ "ကျွန်တော်ကတော့ အင်တာနက်ကောင်းကောင်းသုံးလို့ရမယ်။ ဂိမ်းဆော့လို့ရမယ်၊ လိုင်းကြည့်မယ်၊ သီချင်းအသံထွက်စနစ်ကောင်းမယ်ဆိုရင် တံဆိပ်ကို ရွေးမနေတော့ပါဘူး။ အခြေခံလူတန်းစားတွေအတွက် အများစုအသုံးပြုတာကတော့ ဟွာဝေးပေါ့နော်။ ဈေးနှုန်းခြောက်သောင်းကနေ တစ်သိန်းသုံးသောင်း ကြားလောက်အသုံးပြုရုံနဲ့အန်းသရွိုက် ဗားရှင်းမြင့်မြင့် တစ်လုံးကို ဝယ်နိုင်နေပြီဆိုတော့ ဖုန်းအသုံးပြုရတာ အဆင်ပြေလာပါတယ်" ဟု ဂျီတီစီ ကျောင်းသားတစ်ဦးက ဟန်းဆက်လာဝယ်ယူစဉ်ပြောပြသည်။

ဟန်းဆက် ဈေးနှုန်းများသည်လည်း ယခင်နှစ်ကနှင့် နှိုင်းယှဉ်ပါက ပစ္စည်းအရည်အသွေးတူ ဟန်းဆက်များအနေနှင့် ဈေးနှုန်းများမှာ ထက်ဝက်မှ သုံးပုံ နှစ်ပုံအထိကျဆင်းခဲ့ပြီး နည်းပညာမြင့် နောက်ဆုံးပေါ်ဟန်းဆက်များမှာမူ နိုင်ငံတကာရောင်းချသည့်ဈေးနှုန်းအတိုင်း ဖြင့်ဝယ်ယူလာနိုင်သည့်အတွက် အသုံးပြုရသည်မှာ ထိုက်တန်ကြောင်းသိရှိရသည်။ အင်တာနက်သုံးနိုင်ပြီးတပ်၍ စနစ် သုံးအန်း သရွိုက်ဟန်းဆက်အများစုသည် ကျပ်လေးသောင်းမှ ကျပ်နှစ်သိန်းအထိ အစားစားရှိပြီး အသစ်ထွက် နောက်ဆုံးပေါ် နာမည်ကြီးတံဆိပ်အချို့နှင့် အိုင်ဖုန်းများသည် ကျပ်ဆယ်သိန်းဝန်းကျင်အထိ ဈေးမြင့်လျက်ရှိကြောင်း သိရှိရသည်။

(ခင်ရတနာ)

၂၀၁၂ ခုနှစ် ဒီဇင်ဘာလအတွင်း မီးလောင်မှု

ရန်ကုန် ဇန်နဝါရီ ၁၀

၂၀၁၂ ခုနှစ် ဒီဇင်ဘာလအတွင်း နိုင်ငံတော်တစ်ဝန်းလုံးတွင် မီးလောင်မှု ၁၀၆ ကြိမ် ဖြစ်ပွားခဲ့သည်။ ယင်းတို့တွင် မီးဖိုမီး/ပေါ့ဆမီး ၈၅ ကြိမ်၊ လျှပ်စစ်မီး ၁၆ ကြိမ်၊ မသမာသူ ရှို့မီးငါးကြိမ်ပါဝင်ပြီး အိမ်ခြေအဆောက်အအုံ ၁၆၂လုံး မီး လောင်ခံရပြီး မီးဘေးဒုက္ခသည် ၅၁၇ဦး အိုးမဲ့ အိမ်မဲ့ဖြစ်ကာ လူ ၁၀ ဦး သေဆုံးပြီး ၁၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မီးဖိုမီး
အခြားမီး
သုံးပြီးသတိ
အမြဲရှိ

ကချင်ပြည်နယ် နှင်းမှုန်များအကြားမှ ဝတ်ပြုဆုတောင်းပွဲ

သတင်းနှင့်ဓာတ်ပုံ-လဘန်အောင်(ကချင်မြေ)

ဒီဇင်ဘာ ၂၅ရက်ရောက်တိုင်း ခရစ်တော်၏ မွေးနေ့ ဆုတောင်းပွဲကို ကမ္ဘာသူ ကမ္ဘာသားများက ဝမ်းမြောက် ဝမ်းသာစွာ ပြုလုပ်လေ့ရှိသည်။ ကချင်ပြည်နယ် ရွှေကူမြို့တွင်လည်း ခရစ်တော်မွေးနေ့ဆုတောင်းပွဲနှင့်အတူ ကချင်ပြည်နယ်ကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာပါစေကြောင်း ဆုတောင်းပွဲကို ပြုလုပ်ခဲ့သည်။

ရွှေကူမြို့ ဝင်းတော်ကြီးအတွင်း၌ အေးမြသော နှင်းမှုန်များအကြားမှ သာယာငြိမ်းချမ်းသော ငြိမ်းချမ်းရေးဆုတောင်းတေးသံများက ကချင် တောင်တန်းကြီးများ အားလုံးကိုဖုံးလွှမ်း၍ ထက်ကောင်းကင်သို့တိုင် လွင့်ပျံ့စေခဲ့သည်။ ဆုတောင်းပွဲတွင် သင်းအုပ်ဆရာကြီး ဦးဇင်ဝါတောင်လာက ကျမ်းစာတော်ပါ ခရစ္စမတ်နှုတ်ကပတ်များဖြင့် ဆုံးမဩဝါဒပေး ဆုတောင်းပေးခြင်းကို ရှေးဦးစွာပြုလုပ်ပေးခဲ့ပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးပါကြွယ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးညီညီ၊ နိုင်ငံရေးပါတီဝင်များ၊ ဌာနဆိုင်ရာများ၊ ယုံကြည်သူအသင်းသား၊ အသင်းသူများ၊ စစ်ပြေးဒုက္ခသည်များက စုပေါင်းပြီး ခရစ်တော်နှင့်ငြိမ်းချမ်းရေးအတွက်ဆုတောင်းဝတ်ပြုခဲ့ကြသည်။

(အပေါ်ပုံ)

ပြည်ပအလုပ်အကိုင်ရှာ လူပွဲစားအား တရားစွဲ

ဖျာပုံ ဇန်နဝါရီ ၁၀

ဖျာပုံမြို့ (၁၂)ရပ်ကွက် ရေခဲဒိုင်နေ မတင်ညို (၄၄)နှစ်က လူ ၁၀ ဦးကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် အလုပ်အကိုင်ရှာဖွေပေးမည်ဟုဆိုကာ စည်းရုံးပြီး ခေါ်ဆောင်လာသဖြင့် ဖျာပုံရဲစခန်းက ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေပုဒ်မ ၂၆ အရ အမှုဖွင့်ပြီး တရားစွဲဆိုတင်ပို့ရန် စီစဉ် လျက်ရှိကြောင်း သိရသည်။

အမှုမှာ ဖျာပုံခရိုင် ဒုစရိုက်နှိမ်နင်းရေးအဖွဲ့ခေါင်းဆောင်ဒုရဲအုပ်ဇော်ထိုက်နှင့်အဖွဲ့သည် ဒီဇင်ဘာ ၁၆ ရက် ည ၇ နာရီ ၁၀ မိနစ်ခန့်က ခရိုင်ရဲတပ်ဖွဲ့မှူး၏ တာဝန်ပေးချက်အရ သက်သေများနှင့်အတူ ဖျာပုံမြို့ (၁၂)ရပ်ကွက် ရေခဲဒိုင်နေ မတင်ညို (၄၄)နှစ် ဆိုသူမှာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် အလုပ်အကိုင်ရရှိမည်ဟုဆိုကာ အလုပ်လုပ်လိုသူများအား စည်းရုံး ပို့ဆောင်နေကြောင်း သတင်းအရ ဖျာပုံ-ရန်ကုန် အမြန်ရေယာဉ်ထွက်ခွာချိန်၌ အသွင်ယူလိုက်ပါ၍ ရှာဖွေစစ်ဆေးခဲ့ရာ မတင်ညိုနှင့်အတူ အမာမြို့နယ်ခွဲ ဒေးဒလူကျေးရွာအုပ်စု ဝဲကြီးကျေးရွာနေ သံချောင်း၊ ချစ်တီး(ခ)နေလင်းထွန်း၊ ထက်အောင်၊ ကျော်မျိုးလှိုင်၊ ဒေါ်ခင်စောအေး၊ ဒေးဒရဲမြို့နယ် သောကြာကျေးရွာနေဝင်းစိုး၊ မမေသက်ပိုင်၊ မမြင့်မြင့်ခိုင်၊ ကျိုက္ခဒွန်းရွာနေ မသင်းသင်းသူ၊ မချိုတို့ ၁၀ ဦးကို တွေ့ရှိရသဖြင့် စစ်ဆေးရာ မတင်ညိုဆိုသူက ၎င်းတို့ ၁၀ ဦးကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် အလုပ်လုပ်ကိုင်ရန် ဆောင်ရွက်ပေးမည်၊ ဆောင်ရွက်ခအဖြစ် တစ်ဦးလျှင် ငွေကျပ် ငါးသိန်းပေးရမည်ဟု ပြောဆို စည်းရုံး၍ ခေါ်ဆောင်လာခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် မတင်ညိုထံမှ ငွေကျပ် ၁၆ သိန်းနှင့် ဒီဇင်ဘာ ၁၆ ရက် ရက်စွဲပါ ဖျာပုံမှ ရန်ကုန် အမြန်ရေယာဉ်လက်မှတ် ၁၁ စောင်၊ ဖုန်း တစ်လုံး၊ လက်ကိုင်အိတ်၊ ခရီးဆောင် အိတ်တို့ကို သိမ်းဆည်းရမိ၍ ဖျာပုံရဲစခန်းမှ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေပုဒ်မ ၂၆ အရ အမှုဖွင့်ပြီး တရားရုံးသို့ တရားစွဲဆို တင်ပို့ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

သောင်းညွန့်(ဖျာပုံ)

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

မိဘ ဆရာသဖွယ် ချစ်ခင်လေးစားရပါသော ဗိုလ်မှူးကြီးတင်ရှိန် (ငြိမ်း)အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၄-၁-၂၀၁၃ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၃)ဖြင့် **သုဓမ္မဇောတိကဓဇ** ဘွဲ့တံဆိပ်ကို ထိုက်တန်စွာ ချီးမြှင့်ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် သာသနာအကျိုးများကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဂါရဝပြုဆုတောင်းလျက်-

ကိုတင်မြင့်(ရွှေပြည့်လျှံ ကျောက်မျက်ကုမ္ပဏီ)
ကိုတင်မိုး (စူပါစိမ်း ကျောက်မျက်ကုမ္ပဏီ)
ကိုအားရင် (ရဲမာန်ဟိန်း ကျောက်မျက်ကုမ္ပဏီ) နှင့်
(ရွှေပြည်သာ ကျောက်မျက် သ/မ)





မုံရွေး+ကြေးမုံ အထက အာစရိယပူဇော်ပွဲ

မုံရွာမြို့နယ် မုံရွေး+ကြေးမုံအထက၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၉ရက် (စနေနေ့) နံနက်ပိုင်းတွင် အဆိုပါကျောင်း ရွှေရတုခန်းမ၌ ကျင်းပမည်ဖြစ်ပြီး အခမ်းအနားတွင် ဆရာကြီး၊ ဆရာမကြီး (၈၀)ကျော်တို့အား တပည့်ကျောင်းသား ဟောင်းများက ပူဇော်ကန်တော့ကြမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက ဒေါ်စန်းညွန့်ရီ ဖုန်း-၀၇၁-၆၀၁၁၇၊ ကိုဇေယျ ဖုန်း-၀၇၁-၆၀၀၇၀၊ ကိုဝင်းမြင့် (ဂန္ဓဝင်ပျိုးခင်း) ဖုန်း-၀၇၁-၆၀၀၉၈၊ ကိုစိုးလွင်မြင့် ဖုန်း-၀၉-၄၀၀၄၀၆၁၁၇၊ ကိုထွန်းတင့်ဝင်း(ရန်ကုန်) ဖုန်း-၀၉-၇၃၀၆၃၆၄၅၊ ကိုဇော်လွင်မော်(ရန်ကုန်) ဖုန်း-၀၉-၅၁၁၉၆၂၂တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ပါသည်။



ပျောက်ဆုံးခြင်း

မိုးစက်လုမ်း နိုင်ငံကူးလက်မှတ် M-၂၅၀၇၂၃ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါ။

ဖုန်း-၀၉-၅၁၄၄၇၃၁

အများသိစေရန် သတိပေးချက်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ တိုက်အမှတ်(၁၈)၊ အခန်းအမှတ် B-2, B-3 နေ ဒေါ်နုနုခင် ၁၂/တမန(နိုင်)၀၇၃၉၁၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄ Eᵓ၊ မြေကွက်အမှတ် ၁၄၃၊ နှစ် ၆၀ မြေငှားဂရန်နှင့် တိုက်အမှတ်(၁၈)၊ အခန်းအမှတ် B-2, B-3 နှင့် ထိုမြေကွက်ပေါ်ရှိ အဆောက်အအုံအားလုံးတို့သည် ဒေါ်ညွှန့်ကြည် ၁၂/တမန(နိုင်)၀၄၆၈၃၈က တစ်ဦးတည်း အမည်ပေါက်ပိုင်ဆိုင်ပါသည်။ ဒေါ်ညွှန့်ကြည်၏ တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်နုနုခင်ကသာ အမွေဆက်ခံခွင့်ရှိသူဖြစ်ပါသည်။

အထက်ဖော်ပြပါ အိမ်၊ မြေ၊ တိုက်ခန်းများနှင့်ပတ်သက်၍ မခင်စန်းကြည် ၁၂/တမန(နိုင်)၀၂၀၅၆၂က ၎င်း၏တစ်ဦးတည်းသောသဘောနှင့် ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းခြင်း ပြုလုပ်ခဲ့ပါက အဘွား ဒေါ်ညွှန့်ကြည်နှင့် မိခင်ဖြစ်သူ ဒေါ်နုနုခင်တို့နှင့် သက်ဆိုင်ပတ်သက်ခြင်းမရှိသည့်အပြင် အဆိုပါကိစ္စရပ်များနှင့်ပတ်သက်၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် သတိပေး ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးကျော်သိန်း(တာမွေ)
B.Sc, R.L (တရားလွှတ်တော်ရှေ့နေ) (စဉ်-၃၄၆၃)
အမှတ်(၄၇)၊ စက်မှုလက်မှု(၄)လမ်း၊ မေတ္တာညွန့်ရပ်ကွက်
တာမွေမြို့နယ်။ ဖုန်း-၀၉-၅၀၅၄၁၂၉

ကန့်ကွက်နိုင်ပါကြောင်း

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂Z²၊ မြေကွက်အမှတ် V ၁၄၅၊ ၁၄၆၊ မြေကွက်တည်နေရာ အမှတ်၈၄/၈၆၊ ၁၄လမ်း ဒေါ်စန်းစန်းနွယ် အမည်ပေါက် နှစ်၆၀ မြေငှားစာချုပ် (ဂရန်)သက်ကုန်မြေအား (၁) ဦးချန်ဒရာဒေးပရာကပ်(ရှ) (ဥက္ကဋ္ဌ) ၁၂/ပဘတ(နိုင်)၀၀၅၄၃၈၊ (၂) ဦးဆသီးစ်ကူမာရ် (အထွေထွေအတွင်းရေးမှူး) ၁၂/မဂတ(နိုင်)၀၇၅၉၂၃၊ (၃)ဦးထွန်းအောင် (တွဲဖက်အတွင်းရေးမှူး-၁) ၁၂/ပဇတ (နိုင်)၀၁၃၄၈၃၊ (၄) ဦးလှမင်း (တွဲဖက်အတွင်းရေးမှူး-၂) ၁၂/ပဘတ (နိုင်)၀၀၁၄၆၃၊ (၅)ဦးစိန်လွင်(ခ)ဆီပရာဆပ်(စာရင်းစစ်-၁) ၁၂/ပဘတ(နိုင်)၀၂၂၂၉၀၊ (၆)ဦးပါရက်(ရှ)နတ်သ်(စာရင်းစစ်-၂) ၁၂/ပဘတ(နိုင်)၀၂၄၇၂၄၊ (၇) ဦးနန်းကီးရှိုး(ရှ)(ဘဏ္ဍာရေးမှူး) ၉/မနတ (နိုင်)၀၅၄၃၆၈(ဟိန္ဒူမြမ္မသာလ၏ ကိုယ်စားပြုသူများ)တို့က အရောင်းအဝယ်စာချုပ် (၁၃၃၁/၁၀-၅-၂၀၀၄) တင်ပြ၍ ဂရန်သက်တမ်းတိုးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

အမည်ဖြည့်စွက်ခေါ်ပါရန်

ဦးရဲမြင့်၏သမီး မတင်မာဝင်း ၁၂/မရက(နိုင်)၁၂၉၀၉၉အား ယနေ့မှစ၍ မတင်မာဝင်း(ခ)မနှင်းဝါအေးဟု အမည်ဖြည့်စွက်ခေါ်ပါရန်။

မတင်မာဝင်း(ခ)မနှင်းဝါအေး

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ တိုက်အမှတ် ၁၈၊ အခန်းအမှတ် B-2,B-3 နေ ဦးမြင့်သိန်း၊ ဒေါ်နုနုခင်တို့၏ သမီးဖြစ်သူ မခင်စန်းကြည် ၁၂/တမန(နိုင်)၀၂၀၅၆၂သည် မိဘတို့၏ ပြောဆိုဆုံးမမှုကို နာခံခြင်းမရှိသည့်အပြင် မိဘ၊ ညီအစ်ကို၊ မောင်နှမတို့အား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် မခင်စန်းကြည် ၁၂/တမန(နိုင်)၀၂၀၅၆၂အား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

ဦးမြင့်သိန်း၊ဒေါ်နုနုခင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ ရူပဗေဒဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲ
သိမှတ်ဖွယ်ရာ ရူပဗေဒဘာသာ

မင်္ဂလာပါ

၂၀၁၃ ခုနှစ်၊တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူများကို ရူပဗေဒဘာသာရပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများကို ဆွေးနွေးပို့ချမှာဖြစ်ပါတယ်။ ရူပဗေဒမေးခွန်း ဖြေဆိုတဲ့အခါမှာ မိမိဖြေဆိုထားတဲ့ မေးခွန်းအားလုံး အမှတ်ပြည့်ရရှိစေတဲ့ ဖြေဆိုနည်းတွေကို သိဖို့လိုအပ်ပါတယ်။ ဒါကြောင့် မှားတတ်တဲ့အမှားများကို သိရှိဖို့နဲ့ စာမေးပွဲဖြေဆိုတဲ့အခါမှာ အထူးသတိထားရမယ့်အချက်တွေကို ရှင်းလင်းပြောကြားမှာဖြစ်တယ်။

ရူပဗေဒ မေးခွန်းမှာ SECTION (A) နဲ့ SECTION (B) အပိုင်းနှစ်ပိုင်း ပါရှိပါတယ်။ SECTION (A) အပိုင်းက (၄)မှတ်တန် မေးခွန်း(၉)ပုဒ်ရှိပြီး အားလုံးဖြေဆိုရမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၉)ကတော့ OR နဲ့ မေးထားတဲ့အတွက် (၂) ပုဒ်ထဲက နှစ်သက်ရာ (၁) ပုဒ်ကိုပဲ ဖြေရပါမယ်။ SECTION (B) မှာတော့ မေးခွန်းတိုင်းမှာ (၈) မှတ်တန် (a) နဲ့ (b) ခွဲထားပြီး တစ်ပုဒ်ကို (၁၆) မှတ် ပေးပါတယ်။ နံပါတ် (၁၀) ကနေ နံပါတ် (၁၅)ထိ (၆)ပုဒ်ကနေ နှစ်သက်ရာ (၄)ပုဒ်ကိုပဲ ရွေးချယ်ဖြေဆိုရမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၁၅) ကလည်း OR ထည့်ပြီး မေးတာဖြစ်ပါတယ်။ မေးခွန်း (၂) ပုဒ်ထဲက (၁) ပုဒ်ကိုပဲ ရွေးပြီးဖြေဆိုရမှာပါ။ ပထမနံပါတ် (၁၅)ရဲ့ (a) နဲ့ (b) ကို နောက် နံပါတ် (၁၅)ရဲ့ (a) , (b) အတွဲနဲ့ ရောဖြေလို့မရပါဘူး။

ရူပဗေဒဘာသာရပ်ပြဋ္ဌာန်းစာအုပ်မှာ သင်ခန်းစာ အခန်း(၁)ကနေ အခန်း(၁၄)ထိရှိပါတယ်။ သင်ခန်းစာခေါင်းစဉ်တွေက Mechanics (Power + Pressure), Heat, Waves and Sound, Optics, Electricity and Magnetism နဲ့ Modern Physics ဆိုပြီး ခွဲခြားထားပါတယ်။ ခေါင်းစဉ်အလိုက် အာလုံးမျှပြီး ပါဝင်အောင် အခန်းတိုင်းက သင်ခန်းစာတွေကို မေးတာဖြစ်ပါတယ်။ ဒါကြောင့် သင်ခန်းစာတွေကို ကြေကြေညက်ညက်ဖြစ်အောင် လေ့လာသင်ယူထားဖို့လိုပါတယ်။

ရူပဗေဒဘာသာရပ်မေးခွန်းတွေမှာ Definition, law တွေကို တိုက်ရိုက်ဖြေဆိုရတဲ့ မေးခွန်း၊ concept ကိုသိမှ ဖြေနိုင်တဲ့မေးခွန်း၊ ပုစ္ဆာများ၊ ray diagram ဆွဲခြင်း၊ formula derivation နဲ့ ပုံဆွဲပြီး ဖြေဆိုရတဲ့မေးခွန်းတွေ ပါဝင်ပါတယ်။ မေးခွန်းဖြေဆိုမှုတွေမှာ တွေ့ရတဲ့အမှားတွေနဲ့ပတ်သက်ပြီး ပြောချင်ပါတယ်။

law တွေ၊ Definition တွေကို ဖြေတဲ့အခါ စာသားများကို တိတိကျကျ၊ ပြည့်ပြည့်စုံစုံနဲ့ စာလုံးပေါင်းမှန်ကန်ဖို့ လိုပါတယ်။ ဥပမာအနေနဲ့ ပြောရရင် - မေးခွန်းမှာ Define capacitance. လို့မေးခဲ့ရင် အဖြေက

The capacitance of a capacitor is the ratio of the charge to the potential difference between two conductors of that capacitor.

လို့ဖြေရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် charge ကို change တို့ ratio ကို ration / radio စသည်ဖြင့် မှားရေးတာတွေ ရှိပါတယ်။

မေးခွန်းမှာဆက်ပြီး SI unit of capacitance ကို မေးထားရင် အဖြေက The SI unit of capacitance is farad. လို့ ဖြေရပါမယ်။ F လို့ မဖြေရပါဘူး။ ပုစ္ဆာထဲက ပေးချက်တွေ၊ အဖြေတွေမှာတော့ unit မှာ F ကို ရေးနိုင်ပါတယ်။

State Coulomb's law in words as well as in symbols. မေးခွန်းမှာ Coulomb's law ကို စာသားနဲ့ရော သင်္ကေတနဲ့ပါ ဖြေပါလို့မေးတဲ့အတွက်

Coulomb's law

The electric force between two charges is directly proportional to the product of the charges and inversely proportional to the square of the distance between them.

$$F = K\frac{Q_1Q_2}{r^2}$$

where , Q_1,Q_2 are electric charges,
r is the distance between two charges,
F is the force between Q_1 and Q_2 ,
K is the constant .

လို့ ဖြေရပါမယ်။ စာသားချည်းဖြေခဲ့ရင် မပြည့်စုံပါဘူး။ symbols နဲ့ဖော်ပြတဲ့ အပိုင်းပဲဖြေရင်လည်း မပြည့်စုံပါဘူး။ symbol တစ်ခုချင်းကိုလည်း ရှင်းလင်းချက်ထည့်ပေးရပါမယ်။

ပုစ္ဆာတွက်တဲ့အခါမှာ တွေ့ရတဲ့အမှားကို ရှင်းပြပါမယ်။ ပုစ္ဆာမှာ ပေးတဲ့အချက်တွေနဲ့ မေးတဲ့အချက်ကို သိပြီး ရေးထားဖို့လိုပါတယ်။ပေးချက်တွေမှာ unit တွေက system မတူရင် တူအောင် ပြောင်းပေးရပါမယ်။ မပြောင်းခဲ့ရင် အဖြေမှန်မရတော့ပါဘူး။

The area and thickness of a glass plate of a window are 0.25 m^2 and 4 mm respectively. The temperature of inside surface of glass plate is 25 °C and its outside surface temperature is 26 °C. Find the amount of heat that passes through the glass plate in one hour. The thermal conductivity of glass is 0.6276 W $m^{-1}K^{-1}$.

ဒီပုစ္ဆာမှာ glass plate ရဲ့ ဧရိယာ၊ အထူနဲ့ အတွင်း၊ အပြင်မျက်နှာပြင်ရဲ့ အပူချိန်တွေပေးထားပြီး glass plate ကို 1 hour အတွင်းဖြတ်သွားမယ့် amount of heat ကို ရှာခိုင်းတာဖြစ်ပါတယ်။ အထူက mm unit နဲ့ ပေးထားလို့ m အဖြစ်ပြောင်းဖို့ လိုပါတယ်။ heat conduction က rate of heat flow ညီမျှခြင်းနဲ့တွက်ရမှာဖြစ်ပါတယ်။ အချိန်ကိုလည်း 1 hour ကနေ second ပြောင်းရပါမယ်။ အဖြေမှာလည်း unit မှန်ရပါမယ်။
အဖြေကတော့

$A = 0.25\ m^2$, $l = 4\ mm = 4 \times 10^{-3}\ m$
$T_1 = 25°\ C = 25 + 273 = 298\ K$
$T_2 = 26°\ C = 26 + 273 = 299\ K$
$t = 1\ h = 3600\ s$
$k = 0.6276\ Wm^{-1}K^{-1}$

$\Delta Q = ?$

$$H = \frac{\kappa A(T_2 - T_1)}{l}$$

$$= \frac{0.6276 \times 0.25(299 - 298)}{4 \times 10^{-3}}$$

$= 39.225\ W$

H က rate of heat flow ကို ပေးတာဖြစ်ပါတယ်။

$$H = \frac{\Delta Q}{t}$$, amount of heat ကိုရှာမှာဖြစ်လို့

$\Delta Q = Ht$

$= 39.225 \times 3600 = 141210\ J$

အဖြေမှာ unit မထည့်တာ မှားရေးတာလည်း ဖြစ်တတ်ပါတယ်။

နောက်တစ်ချက်ကတော့ Ray diagram တွေဖြေဆိုရတဲ့အခါ တွေ့ရတဲ့အမှားတွေက principal ray တွေကို မှန်အောင်မဆွဲနိုင်ခြင်း၊ အလင်းတန်း (ray) တွေမှာ မြှားမထည့်ခြင်း၊ ပုံရိပ်တွေမှာ မြှားမပါခြင်းနဲ့ ပုံရိပ်ယောင် (virtual image) တွေမှာ dotted line နဲ့ မဆွဲမိတာတွေရှိပါတယ်။ ဥပမာအနေနဲ့ပြောရရင် Draw ray diagrams to illustrate the formation of virtual images by convex lens and concave lens.

မှန်ဘီလူးခုံး (convex lens) နဲ့ မှန်ဘီလူးခွက် (concave lens)မှာ ပေါ်တဲ့ ပုံရိပ်ယောင်တွေရဲ့ အလင်းတန်းပုံတွေကို ဆွဲခိုင်းတာဖြစ်ပါတယ်။



Convex lens မှာ ပုံရိပ်ယောင်ဖြစ်ပေါ်စေတဲ့ပုံ ဖြစ်ပါတယ်။



Concave lens မှာ ပုံရိပ်ယောင်ဖြစ်ပေါ်စေတဲ့ပုံ ဖြစ်ပါတယ်။

ဆွဲထားတဲ့ပုံတွေမှာ P, F, 2F, OO', II' စတဲ့ label တွေကို မှားပြီးရေးတတ်ပါတယ်။ သတိထားဖို့ လိုအပ်ပါတယ်။ convex lens မှာ ဝတ္ထုကို P နဲ့ F ကြားမှာထားပြီး ဆွဲရမှာဖြစ်ပါတယ်။ ရှေ့မျက်နှာပြင်က ဝင်လာသော အလင်းတန်းက အခြားမျက်နှာပြင်သို့မထွက်လာဘဲ lens ရဲ့ အစွန်းကို ထွက်လာတဲ့ အလင်းတန်းမျိုး မဆွဲရပါဘူး။ ယခုဆွဲပြထားတဲ့ concave lens မှာ principal axis နဲ့ အပြိုင်ဝင်လာသော အလင်းတန်းရဲ့ပုံမျိုး မဆွဲရပါ။ အလင်းတန်းကို ဖြောင့်ဖြောင့်တန်းတန်း ဆွဲရမယ်။ ယိုင်လင်းတန်းကို မှန်အောင်ဆွဲရပါမယ်။

နောက်တစ်ချက်ကတော့ လက္ခဏာသတ်မှတ်ချက် ထည့်ရမယ့်နေရာမှာ မထည့်မိတာ၊ မှားပြီးထည့်တာတွေလည်း ရှိပါတယ်။

Light ပုစ္ဆာတစ်ခုမှာ

The virtual image of an object is formed 24 cm from a lens of focal length 8 cm. (a) Find the distance between the object and the lens. (b) How far must the object be placed from the lens to obtain a real image of the same size as the virtual image obtained previously?

မေးခွန်းရဲ့ (a) အပိုင်းမှာ lens တစ်ခုရဲ့ focal length နဲ့ virtual image အကွာအဝေးပေးထားပြီး ဝတ္ထုအကွာအဝေးကို ရှာခိုင်းပါတယ်။ ပုံရိပ်က virtual image ဖြစ်တဲ့အတွက် v ကို (-) လက္ခဏာ ထည့်ရပါမယ်။ virtual image အကွာအဝေးက focal length ထက်များတဲ့အတွက် convex lens မှာ ဖြစ်ပေါ်တဲ့ virtual image ဖြစ်ပါတယ်။ ဒါကြောင့် convex lens ဖြစ်တဲ့အတွက် f ကို (+) လက္ခဏာထည့်ရပါမယ်။ လက္ခဏာမှားခဲ့ရင် အဖြေမှန်မရပါဘူး။

ပေးချက်မှာ

$v = -24\ cm$, $f = +\ 8\ cm$

u ကို မေးတာဖြစ်တဲ့အတွက် lens formula ကို အသုံးပြုပြီး တွက်ရပါမယ်။

(a) $$\frac{1}{u} + \frac{1}{v} = \frac{1}{f}$$

$$\frac{1}{u} + \frac{1}{-24} = \frac{1}{8}$$

$$\frac{1}{u} = \frac{1}{8} + \frac{1}{24} = \frac{4}{24} = \frac{1}{6}$$

$u = 6\ cm$

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

ကျောင်းသင်ခန်းစာ

စာမျက်နှာ ၁၅ မှ

(b) အပိုင်းမှာတော့ virtual image နဲ့ အရွယ်တူတဲ့ real image (ပုံရိပ်စစ်)ရဖို့ ဝတ္ထုအကွာအဝေးကို ဆက်ပြီး တွက်ခိုင်းတာဖြစ်ပါတယ်။

ပုံရိပ်တွေက အရွယ်တွေ တူတဲ့အတွက် magnification ပမာဏတူပါတယ်။ ဒါကြောင့်မို့ virtual image အတွက် "m" ကိုရှာပေးရပါမယ်။ ပုံရိပ်စစ် (real image) အတွက် "m" ကတော့ ပြောင်းပြန်ပေါ်တာဖြစ်တဲ့အတွက် (-) လက္ခဏာ ထည့်ရပါတယ်။

For virtual image, $m = -\frac{v}{u} = \frac{-(-24)}{6} = 4$

∴For real image, m = - 4

magnification formula ကို သုံးပြီး u နဲ့ v ရဲ့ ဆက်စပ်မှုကို ရှာပေးရပါမယ်။

$$m = -\frac{v}{u}$$

$$-4 = -\frac{v}{u}$$

∴v = 4u

$$\frac{1}{u} + \frac{1}{v} = \frac{1}{f}$$

$$\frac{1}{u} + \frac{1}{4u} = \frac{1}{f}$$

$$\frac{5}{4u} = \frac{1}{8}$$

u = 10 cm

The object must be placed 10 cm from the lens.

Convex lens မှာ ပုံရိပ်ယောင်ပေါ်ဖို့ဆိုရင် ဝတ္ထုဟာ P နဲ့ F ကြားမှာရှိပြီး မူလအရွယ်ထက် ပိုကြီးတဲ့ ပုံရိပ်စစ်အတွက်ဆိုရင် ဝတ္ထုက F နဲ့ 2F ကြားမှာရှိရမှာဖြစ်ပါတယ်။ ကိုယ်တွက်လို့ရတဲ့ အဖြေမှန်/မမှန် ခန့်မှန်း စစ်ဆေးလို့ရပါတယ်။

Potential နဲ့ပတ်သက်တဲ့ ပုစ္ဆာကို စဉ်းစားတဲ့အခါ positive charge ကို (+) လက္ခဏာ negative charge ကို (-) လက္ခဏာ ထည့်တွက်ရပါတယ်။

ပုစ္ဆာတွေမှာ vector quantity ကိုမေးထားရင် အဖြေမှာ ပမာဏရော၊ direction ပါ ဖြေပေးရပါမယ်။ direction ကို မဖြေထားရင် direction အတွက် ပေးမှတ်ကို မရတော့ပါဘူး။

နမူနာပုစ္ဆာတစ်ခုမှာ

A carbon nucleus has a charge of + 6e. Find the electric potential and electric field intensity at a point 10^{-10} m from the nucleus. (e = 1.6 ´ 10^{-19}C , K = 9 ´ 10^{9} Nm^2C^{-2})

Carbon nucleus နဲ့ 10^{-10} m ကွာဝေးတဲ့ point တစ်ခုမှာရှိတဲ့ electric potential နဲ့ electric field intensity တို့ကို တွက်ရမှာဖြစ်ပါတယ်။

Q = + 6e = + 6 × 1.6 × 10^{-19} C = + 9.6 × 10^{-19} C

r = 10^{-10} m , V = ?, E = ?

$$V = K\frac{Q}{r}$$

$$V = \frac{1}{4\pi\varepsilon_0}\frac{Q}{r}$$

$$V = 9\times10^{9} \times \frac{+9.6\times10^{-19}}{10^{-10}}$$

V = + 86.4 V

Positive charge ဖြစ်လို့ Q ကို (+) လက္ခဏာ ထည့်ရပါတယ်။ ဒါကြောင့် Potential က (+) ဖြစ်ပါတယ်။ Potential က Scalar Quantity လည်းဖြစ်ပါတယ်။

Electric field intensity အတွက်

$$E = K\frac{Q}{r^2}$$

$$E = \frac{1}{4\pi\varepsilon_0}\frac{Q}{r^2}$$

$$= 9\times10^{9} \times \frac{9.6\times10^{-19}}{(10^{-10})^2}$$

E = 86.4 × 10^{10} N C^{-1} (away from the carbon nucleus)

Electric field intensity က Vector Quantity ဖြစ်တဲ့အတွက် အဖြေမှာ direction ကိုပါ ထည့်ပေးရပါမယ်။ မထည့်ရင် မပြည့်စုံသေးပါဘူး။ potential တွက်တဲ့အခါ $V = K\frac{Q}{r}$ နေရာမှာ $K\frac{Q}{r^2}$ လို့ မှားရေးတတ်ကြတယ်။ သတိပြုဖို့လိုပါတယ်။

Logic Gate နဲ့ ဆိုင်တဲ့မေးခွန်းတစ်ခုမှာ

Draw the symbols and give the truth tables for the five common logic gates. မေးခဲ့ရင် common logic gates ဖြစ်တဲ့ AND, NAND, OR, NOR, NOT gate (၅) မျိုးကို AND ခေါင်းစဉ်တပ်ပြီး AND ရဲ့ symbol, AND ရဲ့ truth table ဖြေပါ။ ဒီအတိုင်း OR အတွက်၊ NOR အတွက် စသဖြင့် (၅) မျိုးစလုံး ဖြေပေးရပါမယ်။ ခေါင်းစဉ်မရေးဘဲ ဖြေခဲ့ရင် ဘယ် symbol က ဘယ် gate လို့ တိတိကျကျ မဖြေထားတဲ့အတွက် အမှတ်ပေးလို့မရပါဘူး။ Truth table ဖြေတဲ့အခါ Input A နဲ့ B မှာ ပေးနိုင်တဲ့နည်းက A '0' B '0' , A က '0' B က '1' , A က '1' B က '0' , နဲ့ A '1' B '1' ပေးနိုင်တယ်ဆိုတာ သိထားရမယ်။ Input သိမှ output ကို ဖြေနိုင်မှာပါ။

AND Gate

Symbol



Truth table

A	B	output
0	0	0
0	1	0
1	0	0
1	1	1

Diode, Transistor, biasing circuits တွေ ဆွဲရင် current direction တွေကို ဖော်ပြပေးရပါမယ်။ circuit က ပြတ်နေတာမျိုး မဖြစ်စေရပါဘူး။ Battery ရဲ့ (+), (-) terminal ကို ရှင်းရှင်းလင်းလင်းဖြစ်အောင် ဆွဲဖို့ လိုပါတယ်။ ဖော်ပြထားတဲ့ transistor ရဲ့ biasing circuit ကဲ့သို့ ဆွဲရပါမယ်။



* အခုရှင်းပြတဲ့ အမှားမျိုးတွေကို သတိထားပြီး ဖြေခဲ့ရင် ရူပဗေဒဘာသာရပ်ကို ကောင်းမွန်စွာ ဖြေဆိုနိုင်ကြမှာပါ။

အထူးသတိပြုရမယ့်အချက်တွေကတော့

၁။ ဖြေဆိုသည့် မေးခွန်းနံပါတ် ပီသစွာရေးပါ။
၂။ မေးခွန်းတစ်ပုဒ်ချင်းမှာ မေးတဲ့မေးခွန်းအားလုံး ဖြေဆို ပြီး/မပြီး ပြန်စစ်ပါ။
၃။ ပုစ္ဆာတွက်တဲ့အခါ အဆင့်လိုက်၊ တစ်ဆင့်ချင်းတွက်ပါ။ အဖြေမှာ unit မှန်/မမှန် စစ်ဆေးပါ။
၄။ ပုံများကို label ပြည့်စုံအောင် ထည့်/မထည့် ပြန်စစ်ပါ။
၅။ ဖြေဆိုရမယ့် အပုဒ်ထက် ပိုဖြေ/ မဖြေ ပြန်စစ်ပါ။

ကျောင်းသားကျောင်းသူအားလုံး စာမေးပွဲကို ထူးချွန်စွာဖြေဆိုနိုင်ကြပါစေ။

ပြည်ထဲရေးဝန်ကြီးဌာန
မြန်မာနိုင်ငံရဲတပ်ဖွဲ့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန်လိုအပ်သော ကားတာယာနှင့်ဘက်ထရီတို့ကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရက်မှာ ၂၄-၁-၂၀၁၃ရက် နံနက် ၁၀ နာရီဖြစ်ပါသည်။
၃။ ပေးသွင်းလိုသူများအနေဖြင့် တင်ဒါပုံစံတစ်စုံလျှင် ၁၀၀၀၀ိ/-နှုန်းဖြင့် ၁၄-၁-၂၀၁၃ရက်မှ ၂၃-၁-၂၀၁၃ရက်ထိ ၀၉:၃၀နာရီမှ ၁၆:၀၀နာရီအတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ပစ္စည်းများ ဈေးပြိုင်ဝယ်ယူရေးအဖွဲ့၊ အမှတ်(၂)ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့မှူးရုံး၊ စက်မှု(၁)လမ်းနှင့် ဆရာစံလမ်းထောင့်(ယခင်ပြည်ထဲရေးရုံးဟောင်း) ဗဟန်းမြို့နယ်၊ ဖုန်း-၀၁-၅၄၉၃၀၃၊ ၀၁-၅၄၉၄၃၃တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဈေးပြိုင်ဝယ်ယူရေးအဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းရှိစက်ရုံများအတွက် လိုအပ်သော အောက်ပါ ဓာတ်ဆေး၊ ဆိုးဆေး၊ အကူဆေး၊ ကော်စာတင်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းပါရန် ဖိတ်ခေါ်ပါသည်-

(က) **ဝယ်ယူမည့်ပစ္စည်းများ**
(၁) Chemicals - (၁၀) မျိုး
(၂) Auxiliaries - (၇) မျိုး
(၃) Sizing Materials - (၄) မျိုး
(၄) Dye Stuffs - (၂) မျိုး
(ခ) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၁-၁-၂၀၁၃ ရက်
(ဂ) **တင်ဒါပိတ်မည့်ရက်** - ၂၁-၁-၂၀၁၃ ရက်
(ဃ) **ဆက်သွယ်ရန်လိပ်စာ** - ပစ္စည်းစီမံရေးဌာန၊ အထည်အလိပ်လုပ်ငန်း ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၁၈၅၊ ၄၀၈၃၃၈

နေပြည်တော်ပျဉ်းမနား အထက(၁)
ပဥ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

နေပြည်တော် ပျဉ်းမနား အထက(၁)တွင် ၁၉၅၃ခုနှစ်မှ ၂၀၁၂ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့ကြသော အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ၂၀၁၃ခုနှစ် ဇန်နဝါရီ ၂၀ရက် (တနင်္ဂနွေနေ့)တွင် အထက(၁) ရတနာမွန်ခန်းမ၌ ကျောင်းသား ကျောင်းသူဟောင်းများက ပူဇော်ကန်တော့ကြမည်ဖြစ်ပါသဖြင့် ဆရာကြီး ဆရာမကြီးများက ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံ ကြွရောက်ကြပါရန် ကျောင်းသား ကျောင်းသူဟောင်းများကလည်း ကြွရောက်ကြပါရန်နှင့် အလှူငွေများကို အောက်ပါကော်မတီဝင်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

၁။ **ဦးကျော်ငြိမ်းလွင်** ဖုန်း-၀၉-၅၀၅၄၈၉၉
၂။ **ဦးသန်းဦး** ဖုန်း-၀၉-၈၃၀၀၂၇၉
၃။ **ဦးမြင့်အောင်(ဓာတိက)** ဖုန်း-၀၉-၈၃၀၁၃၆၅
၄။ **ဦးလှမြင့်(စိန်ဒေါင်း)** ဖုန်း-၀၉-၈၃၀၀၇၂၄
၅။ **ဦးဘုန်းကျော်** ဖုန်း-၀၉-၄၄၈၅၄၁၂၄၄
၆။ **ဦးဇော်ထက်** ဖုန်း-၀၉-၄၄၈၅၄၄၅၅၅
၇။ **CB Bank Account No.0332017557**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၅ယ/၈၅၅၅၆ Honda Wave ယာဉ်လက်ဝယ်ရှိသူ ဦးရဲမင်းဗိုလ် ၁၃/ညရန(နိုင်)၀၆၀၈၃၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (တာချီလိတ်)

အမည်ပြောင်း

